မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၉၈)

အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ ကိုဂုဏ်ပြု နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ဖွင့်ပွဲကျင်းပ

အမျိုးသား ပရဆေးဥယျာဉ်

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၅

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် (National Herbal Park) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ ရက် နံနက် ၈ နာရီက အဆိုပါဥယျာဉ်ရှိ မင်္ဂလာမုခ်ဦးနေရာ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မင်္ဂလာအချိန်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ထောပတ်သီးစားလျှင် ကိုလက်စထရောကျဆင်းနိုင်

ထောပတ်သီးမှာ ဆောင်းရာသီ၌ လှိုင်လှိုင်ပေါများသည်။ အချို့ ကမ္ဘာ့နိုင်ငံများတွင်မူ တစ်နှစ်တာလုံး တွေ့ရတတ်သည့် အသီးဖြစ်သည်။ အရောင်မှာ နီညိုနှင့် အနက်ရောင်ရှိကာ အရသာမှာ ချိုသည့်အပြင် ခါးသက်သည်။

ဗီတာမင်ကေ

ထောပတ်သီးတွင် ပါဝင်သော ဓာတ်များမှာ ဗီတာမင်ကေ၊ အမျှင်ဓာတ်၊ ပိုတက်ဆီယမ်၊ ဗီတာမင်ဘီ၆၊ ဗီတာမင်စီ၊ ကော့ပါးနှင့်ကယ်လိုရီဓာတ်များ ပါဝင်သည်။ အများဆုံး ပါဝင်သည့်ဓာတ်မှာ ဗီတာမင်ကေ ဖြစ်သည်။

ထောပတ်သီးကို သတ်မှတ်နှုန်းထားအတိုင်း စားသုံးပါက ခန္ဓာကိုယ်အတွင်း ကိုလက်စထရော ကျဆင်းစေပြီး အရေပြားရောဂါများဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည်။ ထောပတ်သီးကို သီတင်းတစ်ပတ်ခန့် စားသုံးပါက ခန္ဓာကိုယ်အတွင်း ကိုယ်လက်စထရော ၁၁ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်။

နှလုံးကျန်းမာရေး

ထို့အပြင် ထောပတ်သီးသည် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည့်အပြင် အထူးသဖြင့် အမျိုးသမီးများ၌ နှလုံးရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။ တစ်ဖန် ထောပတ်သီးသည် သွေးပေါင်ချိန်မြင့်မားမှုကို လျော့ကျစေပြီး လေဖြတ်ခြင်းကို ကာကွယ်နိုင်ကြောင်း သိရသည်။ (အင်တာနက်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အလှကုန်ပစ္စည်းနှင့် ကျန်းမာရေး

အလှကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် နာမည်ကြီးကုမ္ပဏီများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ထုတ်လုပ်သော တန်ဖိုးကြီးမြင့်သည့် အလှကုန်များကို သုံးစွဲနိုင်ခြင်းသည် အဓိကမဟုတ်ဘဲ မိမိ အသုံးပြုနေသော အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများ၏ အန္တရာယ်ကင်းရှင်းမှု၊ လုံခြုံစိတ်ချရမှုသည်သာ ပိုမိုအရေးကြီးကြောင်း သတိပြုသင့်။

ပါမောက္ခ ဒေါက်တာပိုင်စိုး၏ ဆောင်းပါး (စာ−၄)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်)

ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး လမ်းတံတားများ တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေး

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ပုသိမ် – မုံရွာကားလမ်း(မြောက်ပိုင်း)၏ ပဒါန်း – ကဖွန်းမအပိုင်းကြားတည်ရှိသည့် မဲဇလီတံတား သစ်ကို ဇန်နဝါရီလ ၂ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

မဲဇလီတံတားသည် စုစုပေါင်းအရှည် ပေ ၉၄၀ ရှိပြီး ပင်မတံတားမှာ ပေ၄၀၀ရှည် တစ်လမ်းမောင်း ဘေလီကြိုးတံတား ဖြစ်ကာ ချဉ်းကပ်လမ်းမှာ ပေ၅၄၀ရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်သည်။ တန်၃၀ယာဉ်များ ဖြတ်သန်း သွားလာနိုင်ပြီ ဖြစ်သည်။

မဲဇလီတံတားကိုဖြတ်၍ ရောဝတီတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းသို့လည်းကောင်း၊ ရောဝတီတံတား(မကွေး)ကို ဖြတ်၍ ရောဝတီအရှေ့ဘက်ရှိ တိုင်းနှင့်ပြည်နယ်များသို့လည်းကောင်း ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကား နိုင်တော့မည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်ရာ နိုင်ငံတော်က မကွေးတိုင်းအတွင်း ရေနံ့သာတံတား၊ ဝက်ခုတ်တံတား၊ ဘွက်ကြီးတံတားများ တည်ဆောက်ပေးလျက်ရှိသည်။ မကြာမီ ဘွက်ကြီးတံတားကို ဖွင့်လှစ်တော့မည်ဖြစ်သည်။

ပုသိမ် – မုံရွာလမ်းမကြီးသည် ၄၅၂မိုင်၂ဖာလုံ ရှည်လျားပြီး ယခုအခါ ၁၉၆မိုင်၇ဖာလုံကို ကတ္တရာလမ်းအဆင့် ဆောင်ရွက် နိုင်ခဲ့ပြီ ဖြစ်သည်။ ကျန်မြေလမ်း၊ အမာခံလမ်းများကို ကတ္တရာလမ်းအဆင့်ထိ ဆက်လက်ဆောင်ရွက်လျက်ရှိရာ သရူးချောင်းတံတားနှင့် မြောက်ယမားချောင်းတံတားကို တည်ဆောက်ပြီးစီးပါက ပုသိမ်မှ မုံရွာအထိ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရထားလမ်း၊ ကားလမ်းအပါအဝင် တံတားသစ်ကြီးများကို ဒေသတစ်နံတစ်လျား တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တစ်တပ်တစ်အား ပါဝင် လက်တွဲဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စေတနာ သမ္မာရဝတ်အသင်း စတုဒိသာနိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၁၂၇၀ပြည့်နှစ်မှ စတင်တည်ထောင်ခဲ့သည့် ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာ သမ္မာရဝတ်အသင်းကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေတိဂုံစေတီတော် မြတ်ကြီးအား ရွှေစင်၊ ရွှေပြားများ ဆက်ကပ်လှူဒါန်းပွဲကို အသင်းသက်တမ်း နှစ်(၁၀၀)ပြည့်မြောက်သည့် ၁၃၆၉ ယခုနှစ်တွင် (၅၇)ကြိမ်မြောက်အဖြစ် အလေးချိန် သုံးကျပ်သားစီရှိသော တစ်ပေပတ်လည် ရွှေစင်၊ ရွှေပြားပေါင်း ၁၈ပြားကို လှူဒါန်းအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့) ညနေက ကြည့်မြင်တိုင် အထက(၁)ကျောင်းရှေ့၌ စတုဒိသာ နိဗ္ဗာန်ဈေးကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ စေတနာအလှူရှင်များက တစ်ဆိုင်လျှင် လူ ၂၀၀စာနှုန်းဖြင့် ဆိုင်ခန်းပေါင်း၄၆ခန်းကို ညနေ ၆နာရီမှစတင် ဖွင့်လှစ်ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၁–၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀ – ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅	**အနှိုင်းမဲ့မီး** တရားတော် (အပိုင်း–၂) (ဆရာတော် အရှင်ဆန္ဒာဓိက)
၇:၅၀ – ၁:၅၀	Soccer Update
၈:၀၅ – ၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀ – ၂:၁၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးထွန်းလွင် (ညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန)]
၉:၀၅ – ၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ – ၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀ – ၃:၂၀	Activities In The City
၉:၃၀ – ၃:၃၀	တေးဂီတအစီအစဉ်
၉:၄၀ – ၃:၄၀	ထူးခြားသွင်မြင် သတ္တုပန်းပုရုပ်သွင်
၉:၅၅ – ၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀ – ၄:၀၀	လူသို့ ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်ရေး ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်)
၁၀:၁၅ – ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ – ၄:၂၀	တေးဂီတအစီအစဉ်
၁၀:၃၀ – ၄:၃၀	ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
၁၀:၄၅ – ၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ – ၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀ – ၅:၀၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (မွေးမြူရေး ဆေးဝါးထုတ်လုပ်ရေးစက်ရုံ)
၁၁:၁၅ – ၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ – ၅:၂၀	Euro Goals
၁၁:၅၀ – ၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅ – ၅:၅၅	မြန်မာ့ဂုဏ်ဒြပ် ထွန်းတောက်စေသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီအနုပညာပြိုင်ပွဲ
၁၂:၂၀ – ၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅ – ၆:၂၅	နိုင်ငံတကာအနုပညာရေးရာ
၁:၀၀ – ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Burnley - Arsenal	STAR Sports(Live)
၁၀:၃၀	Luton - Liverpool	STAR Sports(Live)
၁၂:၃၀	Stoke - Newcastle	STAR Sports(Live)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။

ဝင်ရောက်ယှဉ်ပြိုင်

ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး သုတေသနနှင့် ဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန် နှင့် တာဝန်ရှိသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြိုင်ပွဲမစတင်မီ အဖွဲ့လိုက်နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။**(အပေါ်ပုံ)**

ထို့နောက် ညနေပိုင်းတွင် ပြိုင်ပွဲ၌ ဆုရရှိသူများအား ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၆–၁–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သံယောဇဉ်**
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့် ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း–၂၃)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	English FA Cup ဘောလုံးပွဲ Luton Vs Liverpool (Live)

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကို ဇန်နဝါရီ ၁၆ရက်မှ ၂၂ရက်အထိ အမှတ်၂၄၉သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ယင်းညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၂ရက်မှ ၁၅ရက်အထိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံးတွင် မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ရွှေ့ဖုံးမှ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က National Herbal Park ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က အမျိုးသား ပရဆေးဥယျာဉ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် အမျိုးသား ပရဆေးဥယျာဉ်အတွင်း Buggy ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုကြရာ သစ်တောရေးရာဝန်ကြီးဌာန ပရဆေးပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ဝမ်းပျက်၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါသုံး ပရဆေးပင်များ၊ နမူနာစိုက်ကွက်အတွင်း စိုက်ပျိုးထားရှိသော ပရဆေးပင်များ၊ ကချင်ပြည်နယ်တွင် ပေါက်ရောက်သော ရှားပါးသည့် တိုင်းရင်းပရဆေးပင်များ၊ ဆေးဖက်ဝင် ရှားပါးသည့် အပင်များကိုလည်းကောင်း၊ ပြခန်းတွင် ဝန်ကြီးဌာနက ခင်းကျင်းပြသထားသော ဆေးဖက်ဝင် ရှားပါးပရဆေးပင် အမျိုးအမည်များကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆေးဖက်ဝင်အပင်များ

အဆိုပါ အမျိုးသားပရဆေးပင်ဥယျာဉ်တွင်း သစ်တောရေးရာဝန်ကြီးဌာနက ဝမ်းပျက်၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါသုံး ရှားပါးသော ဆေးဖက်ဝင်အပင်များ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့အတွင်းရှိ ရှားပါးသော ဆေးဖက်ဝင် အပင်မျိုးပေါင်း ၂၀၈မျိုး၊ အပင်ပေါင်း ၃၀၆၅ပင်တို့ စိုက်ပျိုးထားရှိခြင်းနှင့် မျိုးထိန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပရဆေးဥယျာဉ်သို့ ရောက်ရှိကြပြီး စိုက်ပျိုးထားရှိသော ဆေးဖက်ဝင် ပရဆေးပင်များနှင့် ပြခန်းတွင် ခင်းကျင်းပြသထားသော အပင်ထွက် ပရဆေးပစ္စည်းများ၊ မြေထွက် ပရဆေးပစ္စည်းများနှင့် တိရစ္ဆာန်ထွက် ပရဆေးပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

စိုက်ပျိုးထား

ယင်းအမျိုးသားပရဆေး ဥယျာဉ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနက သွေးတိုးရောဂါနှင့် ဆီးချိုရောဂါသုံး ဆေးပင်များ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များနှင့် အခြားဆေးဖက်ဝင်အပင်အမျိုးပေါင်း ၄၂၄ မျိုးနှင့် အပင်ပေါင်း ၈၄၂၅ ပင်တို့ စိုက်ပျိုးထားရှိခြင်းနှင့် မျိုးထိန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော စိုက်ခင်းအတွင်း စိုက်ပျိုးထားရှိသည့် ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံးဆေးပင်များ၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များနှင့် အခြားဆေးဖက်ဝင်အပင်များ မျိုးထိန်းခြင်းနှင့် စိုက်ပျိုးခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ပရဆေးပင်များ

အဆိုပါ အမျိုးသား ပရဆေးဥယျာဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံး ဆေးပင် ၈၇မျိုး၊ အပင်ပေါင်း ၁၃၃၄၀ စိုက်ပျိုးထားရှိပြီး ပရဆေးပင်များ စိုက်ပျိုးခြင်းနှင့် မျိုးထိန်းထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုလေ့လာ

အဆိုပါ အမျိုးသား ပရဆေးဥယျာဉ်ကို တိုင်းရင်းသားပြည်သူများ လာရောက်ကြည့်ရှု လေ့လာနိုင်သည်။ ပရဆေးပင် အမျိုးစုံလင်သော နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးဖြစ်လာစေရန် ရည်ရွယ်လျက် နေပြည်တော်–တောင်ညိုကြားလမ်းမကြီးဘေး၌ ဧက ၂၀၀ ခန့် ကျယ်ဝန်းသော ဥယျာဉ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးဖွံ့ဖြိုးရေး စီမံကိန်းက အဆောက်အအုံများ၊ လမ်းများ၊ ရေကန်များနှင့် ရေရရှိရေး လုပ်ငန်းတို့ကို တည်ဆောက်ခဲ့ပြီး သစ်တောရေးရာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံး ဆေးဖက်ဝင်အပင်အမျိုးပေါင်း ၇၁၉ မျိုး၊ အပင်ပေါင်း ၂၄၈၃၁ ပင် စိုက်ပျိုးထားရှိခြင်းနှင့် မျိုးထိန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူများ မည်သူမဆို လာရောက်လေ့လာ ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပရဆေးဥယျာဉ်ဖွင့်လှစ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် အမျိုးသား ပရဆေးဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လွတ်လပ်ချိန်

ညီညွတ်စွာ အခြေကျ
အနေလှ ခုချိန်ဝယ်၊
ပန်းမျိုးစုံ မွှေးထုံသင်း
လှချင်းယှက်သွယ်။
ကျေးငှက်စုံ မြူးအကြွရယ်နဲ့
ချိုမြမြ ကာရန်နွှယ်
ချစ်စဖွယ် ဆိုသံကြား။
မေတ္တာလမ်းရယ်နဲ့
သစ္စာစမ်းရယ်နဲ့
ချစ်ပန်း တဝေဝေပေါ့
သစ်ဆန်း အထွေထွေပေါ့
ငြိမ်းချမ်းမြေ နယ်တစ်ရိုး
မြတ်နိုးဖွယ်များ။ ။

သောင်းကိုကို

ဇန်နဝါရီ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒေါပုံမြို့နယ် အထက(၁) ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏အစ်မတော် ကွယ်လွန်ခြင်းအတွက်ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ် ၉၄ ရှိ ထိုင်းနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားသော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ၏ အစ်မတော် Her Royal Highness Princess Galyanl Vadhana Krom Luang Naradhiwas Rajanagrindra အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ဇန်နဝါရီ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်ဋ္ဌေးက ဖတ်ကြားစဉ်။

(ခရိုင် ပြန်/ဆက်)

အလှကုန်ပစ္စည်းနှင့် ကျန်းမာရေး

ပါမောက္ခ ဒေါက်တာပိုင်စိုး

ယခုအခါ ကမ္ဘာကြီးသည် ခေတ်မီတိုးတက်လျက်ရှိပြီး စက်မှုလက်မှု ဖွံ့ဖြိုးလာသည်နှင့်အမျှ လူများစွာတို့သည် လုပ်ငန်းသုံး ဓာတုပစ္စည်းများနှင့် နေ့စဉ် ထိတွေ့နေကြရသည်။ အထူးသဖြင့် လူတို့နေ့စဉ် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသုံးပြုသော ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများသုံးစွဲခြင်းဖြင့်လည်း ဓာတုပစ္စည်းများနှင့် နေ့စဉ်ထိတွေ့နေကြရပေသည်။

ကမ္ဘာပေါ်ရှိ လူသတ္တဝါအားလုံးသည် အလှအပကို ခံစားကြိုက်နှစ်သက်ကြသည်။ အထူးသဖြင့် အမျိုးသမီးအများစုမှာ အလှအပပစ္စည်းနှင့် ကင်းလွတ်သူဟူ၍ အလွန်ရှားပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် စက်မှုဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီအလှအပ အသုံးဆောင်များစွာ ပေါ်ပေါက်နေပြီ ဖြစ်ပေသည်။ လူသုံးကုန် အလှအပ ပစ္စည်းများ၊ အရေပြားအလှထိန်းသိမ်းမှုဆိုင်ရာ ပစ္စည်းများ၊ နေ့စဉ်တစ်ကိုယ်ရေ သန့်ရှင်းရေးတွင် အသုံးပြုသော ပစ္စည်းများ၊ အမျိုးသမီးများ အလှခြယ်သသော ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး၍ သုံးစွဲသူများလည်း ကမ္ဘာနှင့်အဝန်း များပြားနေပြီဖြစ်သည်။ ထုတ်လုပ်သူအနေဖြင့်လည်း မိမိ၏ ရောင်းကုန်ပစ္စည်းကို သုံးစွဲနေသူများ ပိုမိုစိတ်ဝင်စားမှုရှိအောင်နှင့် မိမိတို့၏ ရောင်းကုန်ပိုမိုကောင်းမွန်စေရန်အတွက် ဓာတုပစ္စည်းများ ထည့်သွင်းသုံးစွဲလာကြကြောင်း တွေ့ရှိရပေသည်။ အလှကုန်ပစ္စည်းများနှင့် နေ့စဉ်သုံးဆပ်ပြာ၊ ခေါင်းလျှော်ရည်များတွင် အသုံးပြုနေသော ဓာတုပစ္စည်းအများစုမှာ ကင်ဆာရောဂါ၊ မွေးရာပါ ချို့ယွင်းမှုဖြစ်ခြင်းနှင့် ကျန်းမာရေးပြဿနာများပေးနိုင်သည်။

အလှကုန်ပစ္စည်းများတွင် အများဆုံးအသုံးပြုသော ဓာတုပစ္စည်းများမှာ Phthalates ethylene dioxide, 1,4 dioxane, formaldehyde, nitrosamines နှင့် Acrylamide တို့ ဖြစ်သည်။ ၎င်းတို့အနက် ခဲ (lead) ကို အရောင်လှပစေရန်နှင့် ကြာရှည်ခံရန် နှုတ်ခမ်းနီတောင့်များတွင် ထည့်သွင်း အသုံးပြုကြသည်။ ခေါင်းလျှော်ရည်များထဲတွင် 1,4 dioxane ကို ထည့်သွင်းအသုံးပြုလေ့ရှိကြသည်။ ၎င်းပစ္စည်းများမှာ နေ့စဉ်အသုံးပြုသော ပစ္စည်းများဖြစ်သဖြင့် နေ့စဉ်ပမာဏ အနည်းငယ်စီ ဝင်ရုံမျှဖြင့်ပင် မကောင်းသော ဆိုးကျိုးများ ဖြစ်စေနိုင်ပေသည်။ ဥပမာ–လက်သည်းဆိုးဆေးသုံးစွဲလျှင် နေ့စဉ် အနည်းငယ်မျှ သုံးစွဲရုံဖြင့် ပါဝင်သော ဓာတုပစ္စည်းများကြောင့် အန္တရာယ်ဖြစ်နိုင်ပေသည်။ သို့ရာတွင် နိုင်ငံအများစု၌ အလှကုန်ထုတ်လုပ်မှုအတွက် ကုန်ပစ္စည်းများ မဖြန့်ဖြူးမီ အန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးအတွက် ပြဿနာ ရှိ၊မရှိ စမ်းသပ်ထားခြင်းနှင့် အလှကုန်ထုတ်လုပ်မှုအတွက် လိုက်နာရန် ပြဋ္ဌာန်းထားသော ဥပဒေများ မရှိသေးပေ။

နှုတ်ခမ်းနီနှင့် ခဲဆိပ်သင့်ခြင်း(Poison Kiss)

နှုတ်ခမ်းနီကို အရောင်ပိုမိုလှပစေရန်အတွက်လည်းကောင်း၊ နှုတ်ခမ်းပေါ်တွင် တာရှည်ခံရန်အတွက်လည်းကောင်း ခဲများကို ထည့်သွင်းဖော်စပ်လာကြသည်။ သုံးစွဲသူများအနေဖြင့် မိမိအတွက် အန္တရာယ်မရှိသော စိတ်ချရသည့် အလှကုန်ကို ရွေးချယ်သုံးစွဲရန် လိုအပ်လာသည့်အလျောက် နေ့စဉ်သုံးစွဲနေသော နှုတ်ခမ်းနီတွင် ခဲပါဝင်မှုပမာဏကို စမ်းသပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း လူအများ သတိပြုမိလာကြပေသည်။ အနောက်နိုင်ငံများတွင် အသုံးအများဆုံးသော နှုတ်ခမ်းနီ ၃၃မျိုးအနက် တစ်ဝက်ကျော်တွင် ခဲပါဝင်ကြောင်း တွေ့ရှိရသည်။ ၎င်းတို့အနက် သုံးပုံတစ်ပုံသော နှုတ်ခမ်းနီများတွင် ခဲပါဝင်မှုပမာဏ(၀ ဒသမ ၀၃ မှ ၀ ဒသမ ၆၅ ppm) ပါဝင်ကြောင်း တွေ့ရှိရသည့်အတွက် ခွင့်ပြုထားသော ပမာဏ (အစားအသောက် သကြားလုံးများတွင် ခဲခွင့်ပြုထားသော ပမာဏ ၀ ဒသမ ၁ ppm)ထက်ပိုမို၍ ပါဝင်ကြောင်း တွေ့ရှိရသည်။ ခဲသည် ခွင့်ပြုပမာဏထက် ပိုမိုသုံးစွဲမိပါက အာရုံကြောများကို ထိခိုက်စေပြီး ပညာသင်ကြားရေး၊ ကိုယ်ရည်ကိုယ်သွေး ပြဿနာများနှင့် ရင်ဆိုင်ရမည့်အပြင် ကလေးမရနိုင်ခြင်း၊ မကြာခဏ သားပျက်ခြင်းတို့ ဖြစ်တတ်ပေသည်။ ခဲသတ္တုဓာတ်သည် အနည်းငယ်မျှ ပါဝင်ရုံဖြင့် အန္တရာယ်ရှိနိုင်ပေသည်။ ခဲဆိပ်သင့်ခြင်းသည် ကလေးများတွင် ပိုမိုဖြစ်ပွားနိုင်သဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် မိမိတို့ထံမှ ခဲဆိပ်များ သန္ဓေသားသို့ မရောက်ရှိစေရန် ခဲများပါဝင်သော နှုတ်ခမ်းနီသုံးစွဲခြင်းကို အထူးဂရုပြု၍ ရှောင်ကြဉ်သင့်ပေသည်။

ပုံမှန်အားဖြင့် နှုတ်ခမ်းနီတောင့်တွင်ပါဝင်သော ခဲပမာဏမှာ တိုင်း၍ မရအောင်ပင် နည်းပါးရပေမည်။ သို့ရာတွင် အချို့သော နှုတ်ခမ်းနီများတွင် ခဲပါဝင်မှုမှာ 10 မှ 20 ppm ပင်ရှိနေကြောင်း တွေ့ရှိရသည်။ နှုတ်ခမ်းနီသည်လည်း အစားအသောက်များကဲ့သို့ပင် ခန္ဓာကိုယ်ထဲသို့ ခဲကိုတိုက်ရိုက်ရောက်ရှိစေနိုင်သည်။

နှုတ်ခမ်းနီများထဲတွင် ခဲသတ္တု ပါဝင်ရခြင်းမှာ ခဲသက်သက်ကို ထည့်ခြင်းမဟုတ်ဘဲ နှုတ်ခမ်းနီ ပြုလုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများဖြစ်သည့် Zinc oxide, titanium dioxide, mineral wax (သို့) paraffin နှင့် mineral oil နှင့် petrolatum တို့မှလည်း ခဲသတ္တုသည် ပါဝင်လာနိုင်သည်။ သို့ရာတွင် ခဲသတ္တုလုံးဝ ပါဝင်မှုမရှိသော နှုတ်ခမ်းနီများလည်းရှိသည်။

ရေမွှေးနှင့်ကျန်းမာရေးအန္တရာယ်

ရေမွှေးတွင် ပါဝင်သောပစ္စည်းအချို့မှာ အရေပြား အသားနုများ၊ အသက်ရှူလမ်းကြောင်းများတွင် ရောဂါဖြစ်ပွားခြင်း၊ မျိုးပွားခြင်းနှင့် အာရုံကြောများကို ထိခိုက်စေသော ဆိုးကျိုးများရှိကြောင်း တွေ့ရှိရသည်။ ရေမွှေးပြုလုပ်ရာတွင် အသုံးပြုသော [phenyl/methyl acetic acid ester and 2,6-bis (1,1-dimethylethyl)-4-methyl-phenol] ဓာတုပစ္စည်းများသည် ကင်ဆာရောဂါကို ဖြစ်စေနိုင်ပါသည်။

အလှကုန်ပစ္စည်းများနှင့် ကင်ဆာရောဂါ

အမေရိကန်နိုင်ငံတွင် နှစ်စဉ်လူပေါင်း ၃၈၀၀၀ ခန့်သည် အလှကုန်သုံးစွဲခြင်းဖြင့် ရရှိသော ဆိုးကျိုးများကိုခံစားနေရသည်။ ခေါင်းလျှော်ရည်၊ သွားတိုက်ဆေး၊ အရေပြားထိန်းသိမ်းဆေး၊ ဆံပင်ပျော့ဆေး၊ မိတ်ကပ်၊ မျက်တောင်ကော့ဆေး၊ လက်သည်းဆိုးဆေး၊ ရေမွှေးနှင့် အခြား အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်း၏ အန္တရာယ်နှင့် နေ့စဉ်ရင်ဆိုင်နေရပေသည်။ ၎င်းပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများမှာ– sodium lauryl sulfate (SLS), sodium laureth sulfate (SLES), propylene glycol, diethanolamine (DEA), cocamide DEA, lauramide DEA, fluride, alcohol, alpha hydroxyl acid, dioxin, formaldehyde, mineral oil, petrolatum, propane, talc တို့ ဖြစ်ကြသည်။ ၎င်းဓာတုပစ္စည်းများသည် ကင်ဆာရောဂါ၊ မွေးရာပါ ချို့ယွင်းမှု၊ အာရုံကြောထိခိုက်မှု၊ ပန်းနာရင်ကျပ်၊ အရေပြားနှင့် မျက်စိယားယံခြင်းများကို ဖြစ်စေသည်။

လူများနေ့စဉ် သုံးနေသော ဆပ်ပြာ

သန့်ရှင်းရေးပြုလုပ်ရာတွင် သုံးသောဆေးရည်များ၊ အရေပြားအလှထိန်းသိမ်းရာတွင် အသုံးပြုသော လိမ်းဆေးများ၊ ခေါင်းလျှော်ရည်၊ ဆံပင်ပျော့များတွင် ethoxylated alcohol, polysorbate နှင့် laureth တို့ ပါဝင်သည်။ ၎င်းဓာတုပစ္စည်းများတွင် အငွေ့ပျံလွယ်သော 1,4-dioxane ရောနှောပါဝင်လျက်ရှိသည်။ ၎င်းသည် ၁၉၆၅ခုနှစ်တွင် ပြုလုပ်ခဲ့သော သုတေသနတွေ့ရှိချက်များအရ ကြွက်များတွင် ကင်ဆာရောဂါ ဖြစ်စေနိုင်ကြောင်း တွေ့ရှိရပြီး ၁၉၇၈ခုနှစ်တွင် အမျိုးသားကင်ဆာဌာနမှ နှာခေါင်းလမ်းကြောင်း ကင်ဆာရောဂါကို ကြွက်များတွင်လည်းကောင်း၊ အသည်းကင်ဆာကို ကြွက်ဖြူလေးများတွင်လည်းကောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် သုတေသနတွေ့ရှိချက်များအရ ပရိဘောဂထုတ်လုပ်သော အလုပ်သမားများတွင် နှာခေါင်းလမ်းကြောင်း ကင်ဆာအဖြစ်များကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အမေရိကန်နိုင်ငံရှိ အဆိပ်အတောက်ပစ္စည်းများကြောင့် အဖြစ်များသော ရောဂါနှိမ်နင်းရေးဌာနမှ 1,4-dioxane ပါသည့် အလှကုန်ပစ္စည်းများကို မသုံးစွဲရန် တားမြစ်ခဲ့ပါသည်။

1,4-dioxane သည် ဆံပင်ပျော့ဆေးတွင် ၉၇ရာခိုင်နှုန်း၊ ကလေးသုံးဆပ်ပြာများတွင် ၅၇ ရာခိုင်နှုန်းနှင့် အခြားသော အလှကုန်ပစ္စည်းများတွင် ၂၂ ရာခိုင်နှုန်းပါဝင်ကြောင်း တွေ့ရှိရသည်။ ကင်ဆာရောဂါအဖြစ် အများဆုံး ဓာတုပစ္စည်း ခုနစ်မျိုးမှာ ethylene dioxide, hydroquinone, 1,4-dioxane, formaldehyde, nitrosamines, PAHs နှင့် acrylamide တို့ဖြစ်သည်။ ဆံပင်ဆိုးဆေးတွင် အထူးသဖြင့် အနက်ရောင်နှင့် အညိုရင့်ရောင်တို့သည် Non-Hodgkin's Lymphoma နှင့် Multiple myeloma ကဲ့သို့သော ရောဂါများဖြစ်ပွားစေနိုင်သည်ဟု အချို့သော သုတေသနများတွင် တွေ့ရှိခဲ့ကြသည်။ နေ့စဉ်သုံး အလှကုန်ပစ္စည်းများ ဖြစ်သည့် ဆပ်ပြာ၊ အနံ့ပျောက်ဆေးများ၊ နှုတ်ခမ်းနီ၊ နေလောင်ခံလိမ်းဆေးများနှင့် ရေမွှေးတို့သည် အသုံးပြုသူအချို့တွင် ဓာတ်မတည့်ခြင်းကို ဖြစ်စေပြီး ပန်းနာရင်ကျပ်ရောဂါ ရစေသည်။ များသောအားဖြင့် မျက်နှာတွင် အရေပြားလောင်၍ ရောင်ရမ်းခြင်းများ ဖြစ်စေကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကိုယ်လိမ်းပေါင်ဒါနှင့် ပေါင်ဒါမှုန့်များကို များစွာသုံးစွဲသူ အမျိုးသမီးများတွင် အသက်ရှူလမ်းကြောင်းမှ လည်းကောင်း၊ မျိုးပွားအင်္ဂါများနှင့် ထိတွေ့သုံးစွဲခြင်းမှ လည်းကောင်း၊ သားဥကင်ဆာ ဖြစ်နိုင်ခြေများကြောင်း ၁၉၉၇ မတ်လထုတ် အမေရိကန်ဆေးဂျာနယ်တစ်ခုတွင် ဖော်ပြထားသည်။ ရေချိုးရာတွင် အသုံးပြုသောပစ္စည်းများတွင် အရောင်ထည့်ထားပါက ၎င်းတို့သည် ဆီးအိတ်တွင်စုဝေး၍ ဆီးအိတ်ကင်ဆာ ဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။ ဆံပင်ဆိုးဆေးများ သုံးစွဲသူ အမျိုးသမီးများ၏ ၂၀ရာခိုင်နှုန်းသည် Hodgkin's Lymphoma ဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဆံပင်ညှပ်သမားများတွင် ၎င်းတို့၏ အလုပ်အကိုင်ကြောင့် ကင်ဆာရောဂါဖြစ်ပွားနှုန်းများကြောင်း တွေ့ရှိရသည်။ အနံ့ပျောက်ဆေး သုံးစွဲသူများတွင်လည်း ၎င်းသုံးစွဲသော ပစ္စည်းတွင် ပါဝင်သော ဓာတုပစ္စည်းတစ်မျိုးမှ ချွေးဂလင်းများကို ရောင်ရမ်းစေပြီး အရည်ကြည်အိတ်များ ဖြစ်ပေါ်စေကြောင်း တွေ့ရှိရသည်။ မျက်တောင်ကော့ဆေး(Mascara)သုံးစွဲသူအချို့တွင် ပါဝင်သော ဓာတုပစ္စည်းအချို့ကြောင့် မျက်စိကွယ်စေနိုင်ကြောင်း တွေ့ရှိရသည်။ ယခင်က မျက်နှာတွင် အရေးအကြောင်းများပျောက်အောင် ဆေးထိုး၍ အလှပြုပြင်ရသော်လည်း ယခုအခါ ဆေးထိုးစရာမလိုဘဲ လိမ်းဆေးဖြင့် အသားအရေ တင်းရင်းနုပျိုစေအောင် ပြုလုပ်သောနည်းလမ်းများ ပေါ်ထွက်နေပြီဖြစ်၍ ၎င်းလိမ်းဆေးများကို သုံးစွဲခြင်းဖြင့် သွေးမတည့်မှု၊ အရေပြားလောင်ကျွမ်းမှု၊ သားအိမ်အတွင်းမှ သွေးထွက်မှု၊ ရောင်ရမ်းမှုနှင့် ကင်ဆာရောဂါများ မဖြစ်စေရန် ၎င်းလိမ်းဆေးတွင် ပါဝင်သော ဓာတုပစ္စည်းများကို သေချာလေ့လာ၍ အသုံးပြုရန် လိုပါသည်။

အလှကုန်ပစ္စည်းများ သုံးစွဲရာတွင် အထူးသတိ ပြု၍ သုံးစွဲရန်လိုအပ်ပြီး နေ့စဉ်နှစ်ရှည်လများ သုံးစွဲသည့်အတွက် ရေရှည်တွင် ဆိုးကျိုးများခံစားရမည် ဖြစ်ပေသည်။ အလှကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် နာမည်ကြီးကုမ္ပဏီများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ထုတ်လုပ်သော တန်ဖိုးကြီးမြင့်သည့် အလှကုန်များကို သုံးစွဲနိုင်ခြင်းသည် အဓိကမဟုတ်ဘဲ မိမိအသုံးပြုနေသော အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများ၏ အန္တရာယ်ကင်းရှင်းမှု၊ လုံခြုံစိတ်ချရမှုသည်သာ ပိုမိုအရေးကြီးကြောင်း သတိပြုသင့်သည်။ သို့ဖြစ်၍ အချို့သော လူငယ်လူရွယ်များသည် မလိုအပ်ဘဲ ဆံပင်ဆိုးဆေးများ သုံးစွဲခြင်းနှင့် ဓာတုပစ္စည်းများပါဝင်သော အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို သုံးစွဲနေခြင်းမှ ရှောင်ကြဉ်သင့်သည်။ ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့်လည်း မိမိသန္ဓေသားအား အန္တရာယ်မရှိစေရန် အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို နားလည်သဘောပေါက်၍ ရှောင်သင့်သည်များကို ရှောင်ကြဉ်ရပါမည်။ **သဘာဝမှရရှိသော အုန်းဆီ၊ သနပ်ခါး၊ တရော်ကင်ပွန်း ခေါင်းလျှော်ရည်များသည် လူတို့၏ ကျန်းမာရေးအား ဒုက္ခမပေးသည့်အပြင် အကျိုးသက်ရောက်မှုကို ရရှိစေနိုင်ပါသည်။** ထို့ကြောင့် သဘာဝပစ္စည်းများ၊ ပြည်တွင်းဖြစ်ပစ္စည်းများကို ပိုမိုသုံးစွဲကြရန် တိုက်တွန်းလိုက်ရပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာနများသည် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အလှကုန်၌ ပါဝင်သော ပစ္စည်းများနှင့် ဓာတုဗေဒဖော်မြူလာများကို ထုတ်လုပ်သူတို့၏ အကျိုးစီးပွားအတွက် ဖော်ပြရန် မလိုအပ်ကြောင်း သဘောတူခဲ့ကြသည်။ ယခုအခါတွင်မူ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ဥပဒေများ တင်းတင်းကျပ်ကျပ် ပြဋ္ဌာန်း၍ လူအများအတွက် ကျန်းမာရေးအန္တရာယ်မရှိစေရန်၊ ခဲများမပါဝင်စေရန်နှင့် ကင်ဆာရောဂါ ဖြစ်စေသော ဓာတုပစ္စည်းများ ပါဝင်ခြင်းမရှိစေရန် ဂရုပြုဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အလှကုန်ပစ္စည်းများ သုံးစွဲရာတွင် အထူးသတိပြု၍ သုံးစွဲရန် လိုအပ်ပြီး နေ့စဉ်နှစ်ရှည်လများ သုံးစွဲသည့်အတွက် ရေရှည်တွင် ဆိုးကျိုးများ ခံစားရမည်။

သဘာဝမှရရှိသော အုန်းဆီ၊ သနပ်ခါး၊ တရော်ကင်ပွန်း ခေါင်းလျှော်ရည်များသည် လူတို့၏ကျန်းမာရေးအား ဒုက္ခမပေးသည့်အပြင် အကျိုးသက်ရောက်မှုကိုရရှိစေနိုင်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ် ၁/၂၀၀၈

၁၃၆၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော် များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓ သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်–

(ယမန်နေ့ကအဆက်)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုမာရ ကမမောင်း ဗဟိုသာသနာပြုဌာန၊ ကမမောင်းမြို့၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်။

၂။ ဘဒ္ဒန္တဇောတာလင်္ကာရ တောင်ပေါ်ကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တသောမပိယာဘိဝံသ သိမ်တော်ကျောင်းတိုက်၊ သာယာပေါင်းကျေးရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တကေသရ သုခကာရီကျောင်း၊ အမှတ်(၂)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တဂန္ဓမာ ဓမ္မဇေယျပရဟိတဂေဟာ(ကျား)ကျောင်း၊ ပဝကျေးရွာ၊ တနင်္သာရီမြို့နယ်၊ တနင်္သာရီတိုင်း။

၆။ ဘဒ္ဒန္တသုမန ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက်၊ မဒေါက်မြို့နယ်၊ ပဲခူးတိုင်း။

၇။ ဘဒ္ဒန္တနန္ဒဝံသ မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်း ကျောင်း၊ အလင်းရောင်(၁)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၈။ ဘဒ္ဒန္တဝိဇယ ဇမ္ဗူအေးတောရကျောင်းတိုက်၊ ပြွန်တန်ဆာမြို့သစ် ရပ်ကွက်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

၉။ ဘဒ္ဒန္တလက္ခဏ သာသနရက္ခိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အေးမြသာယာစံပြမြို့သစ်၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၀။ ဘဒ္ဒန္တစန္ဒိမာ ဆုတောင်းပြည့်ကျောင်း၊ ဓါးဖြူကောင်းကျေးရွာ၊ သံဘိုကြီး ကျေးရွာအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်း။

၁၁။ ဘဒ္ဒန္တဇောတိက ဆိပ်ဖူးတောင်တောရကျောင်းတိုက်၊ လူငယ်ဖွံ့ဖြိုး ရေး ပရဟိတဂေဟာနှင့် အမှတ်(၁)ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။

၁၂။ ဘဒ္ဒန္တသုမန စံမှီတော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တောရွာ ကျေးရွာ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း။

၁၃။ ဘဒ္ဒန္တဝေပုလ္လ ညောင်ပင်သာကျောင်းတိုက်၊ တောင်အင်းကျေးရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တတေဇဝန္တ ထန်းငယ်တော ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တပညာသာရ မဟာဓမ္မပါလကျောင်း၊ နန်းဦးကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တနာယက ဖောင်တော်ဦးကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေ သာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တဥတ္တမ ဖွဲ့စုံသာသနာရာမကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ဘဒ္ဒန္တကောဝိဒ ရတနာမာန်အောင်ကျောင်းတိုက်၊ ဘုရားကြီးကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်း။

၁၉။ ဘဒ္ဒန္တအဂ္ဂဝံသ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ဘဒ္ဒန္တကုသလ မနော်ဟရီကျောင်းတိုက်၊ လှည်းဆိပ်စံပြကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဘဒ္ဒန္တအရိယဝံသ ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၊ ယောမင်းကြီး ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဘဒ္ဒန္တဝါသဝ ရေတော်ကျောင်းတိုက်၊ ပန်းတိမ်တောင်ရပ်၊ သီပေါမြို့ နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၃။ ဘဒ္ဒန္တသီဟဗလ ၃၁–ဘုံစေတီကုန်း ဗဟိုသာသနာပြုကျောင်းတိုက်၊ ဟိုပန်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၄။ ဘဒ္ဒန္တဝဏ္ဏဓဇ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၅။ ဘဒ္ဒန္တသောဘိတ မင်္ဂလာမွေတော်ကျောင်းတိုက်၊ ပင်လုံမြို့၊ လွိုင်လင် မြို့နယ်၊ ရှမ်းပြည်နယ်။

၂၆။ ဘဒ္ဒန္တစန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လပင်နွဲ့ရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်။

၂၇။ ဘဒ္ဒန္တဥတ္တမာစာရ သာသနာလင်္ကာရကျောင်းကြီးတိုက်၊ အမှတ်(၁) ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

၂၈။ ဘဒ္ဒန္တစန္ဒောဘာသ သာသနာ့ဟိတကာရီစာသင်တိုက်၊ သံကြိုးတိုင် ရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်း။

၂၉။ ဘဒ္ဒန္တအရိယဝံသ အောင်ဗောဓိဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဘုရားချောင်းကျေးရွာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်း။

၃၀။ ဘဒ္ဒန္တမဏ္ဍသာရ ရတနာမဏ္ဍကျောင်းတိုက်၊ ရပ်ဆိုင်ကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၃၁။ Most Ven. Achariya Bhikkhu Karuna Shastri-MAHA BODHI VIHAR, Jyoti Nagar, Dibrugarh 786001 Assam, India၊ အိန္ဒိယနိုင်ငံ။

၃၂။ ဘဒ္ဒန္တဝဏ္ဏဓဇ မိဂဒါဝုန် မြန်မာကျောင်းတိုက်၊ ဗာရာဏသီမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။

၃၃။ ဘဒ္ဒန္တဓမ္မသက Wat Bovoranives Vihura , 248 phrs Surmen Road, Bangkok 10200 ထိုင်းနိုင်ငံ။

၃၄။ ဘဒ္ဒန္တဓမ္မဃောသစရိယ Prayurawon Gsouoas ကျောင်းတိုက်၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဇနိန္ဒာဓိပတိ ကန်(၇)ဆင့်၊ ဒေါတငူးသာသနာပြုဌာန၊ ဒီမောဆို မြို့နယ်၊ ကယားပြည်နယ်။

၂။ ဘဒ္ဒန္တသဇ္ဇနာဘိဝံသ လောထောတနော ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်း၊ ဖရူးဆိုမြို့နယ်၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တသုမန ပုပ္ပားကျောင်းတိုက်၊ ဖိုလ်ဝင်တောင်၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တဉာဏိန္ဒ ကျောင်းကြီးတိုက်အနောက်ကျောင်း၊ ကျောင်းတိုက် ကျေးရွာ၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တတေဇိန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နန်းယွန်းမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တပညာဝံသ ဝေဒီကျောင်းသစ်၊ ဝေဒီကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။

၇။ ဘဒ္ဒန္တ စန္ဒသိရီ ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေပေး ကျေးရွာ၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၈။ ဘဒ္ဒန္တသောဘန ပိန်းတောကျောင်းကြီး၊ ပိန်းတောကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း။

၉။ ဘဒ္ဒန္တကောသလ္လ သာသနာလင်္ကာရ ဘ/က ကျောင်း၊ ခမွန်ကံကြီး စံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း။

၁၀။ ဘဒ္ဒန္တသုဇန ရေရှင်ကျောင်းတိုက်၊ ရေရှင်ကျေးရွာ၊ ဆောမြို့နယ်၊ မကွေးတိုင်း။

၁၁။ ဘဒ္ဒန္တဓမ္မာနန္ဒ သဲဖြူသာသနာပြုကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဌာန၊ ဆီမီးထွန်းကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်း။

၁၂။ ဘဒ္ဒန္တပညာဝံသ တိလောကာရာမကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၁၃။ ဘဒ္ဒန္တနန္ဒ မြေဖြူကုန်းကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၊ မြေဖြူကုန်းကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တပေလာနန္ဒ သီရိမင်္ဂလာမင်းကျောင်း၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တပဏ္ဍိတ ရွှေဂူချောင်ကျောင်းတိုက်၊ ပုပ္ပားတောင်ကလပ်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တဓမ္မသာမိ ရွှေမန်းအုဋ္ဌကျောင်း ဘုန်းတော်ကြီးသင်ပညာရေး အလက (တွဲဖက်)၊ ပင်လယ်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး တိုင်း။

၁၇။ ဘဒ္ဒန္တအာစိဏ္ဏ မဟာသောဘိတာရာမတောရကျောင်းတိုက်၊ ဒေါင့်ဘိုး ရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တဇဋိလ ဝမ်းသာရွှေကျောင်း၊ ဝမ်းသာကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တသုစိတ္တ မြို့ဦးစာသင်တိုက်၊ မြဝတီရပ်ကွက်၊ နေပြည်တော် တပ်ကုန်း။

၂၀။ ဘဒ္ဒန္တကုန္တက အတွင်းပြင်သစ်ကျောင်း၊ အတွင်းပြင်ရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်။

၂၁။ ဘဒ္ဒန္တကောသလ္လ ကံဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြို့မ ရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဘဒ္ဒန္တသောဘန သိဒ္ဓိနန္ဒာကျောင်းတိုက်၊ အမှတ်(၅)၊ ဘ/က၊ ပရဟိတ၊ မြို့သစ်(က+ခ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၃။ ဘဒ္ဒန္တဝရာလင်္ကာရ အောင်ရာမြေပရိယတ္တိစာသင်တိုက်၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ဘဒ္ဒန္တကေလာသ ပဏ္ဍိတာရာမကျောင်းတိုက်၊ ကနောင်မင်းသားကြီး လမ်း၊ (၈၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ဘဒ္ဒန္တကောဏ္ဍည မြောင်းမြကျောင်း၊ ရွှေကြက်ယက်ကျောင်းတိုက်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၆။ ဘဒ္ဒန္တဝိဓ္ဓောတ ထေရဝါဒဗုဒ္ဓသာသနာပြုတပ်ဦးကျောင်းတိုက်၊ ပန်ဆန်းမြို့၊ ‘ဝ’ဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၇။ ဘဒ္ဒန္တဥတ္တမ သီရိမင်္ဂလာကျောင်းတိုက်၊ ဝိန်းကောင်မြို့၊ ပန်ဆန်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၈။ ဘဒ္ဒန္တကုသလ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၉။ ဘဒ္ဒန္တဝိမလာဘိက္ခ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ နားစံကျေးရွာ၊ မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်။

၃၀။ ဘဒ္ဒန္တအာသဘ ရန်ကုန်ကျောင်းတိုက်၊ ချမ်းအေးသာစံရပ်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၃၁။ ဒေါ်ယုစန္ဒာ ထေရဝါဒဗုဒ္ဓသာသနာပြုစန္ဒာရာမသီလရှင်ကျောင်းတိုက်၊ ကျွန်းတောရပ်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။

၃၂။ ဒေါ်ဓမ္မာရီ မဟာဗိုလ်ပရိယတ္တိသီလရှင်စာသင်တိုက်၊ ကော့ကရိတ် မြို့နယ်၊ ကရင်ပြည်နယ်။

၃၃။ ဒေါ်ရူပထေရီ ဇေယျဝတီကျောင်း၊ ဆံတော်ရှင်တိုက်၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးတိုင်း။

ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး

၃၄။ မဟာဥပါသိကာ ဒေါက်တာဘွန်ကော့ထ်ဆီထီပေါလ် အပြည်ပြည် ဆိုင်ရာ ဝိပဿနာရိပ်သာ ဒန်မဟာပွန်ကိုးလ်၊ ကန်ချနပူရီမြို့၊ ထိုင်းနိုင်ငံ။

လူပုဂ္ဂိုလ်

၃၅။ ဦးဖရားထမ်း အမှတ် ၁၆/၁၁၇၊ ခိုလောင်းလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

ပြည်ပလူပုဂ္ဂိုလ်

၃၆။ **Dr. Ravindra Panth Nava Nalanda Mahavihara Nalanda 803111, Bihar** အိန္ဒိယနိုင်ငံ။

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလာစာရ အောင်တော်မူကျောင်း၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တကေသရိန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒိုက်ဖားကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တနန္ဒမာလာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သတ္တဗလူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

၄။ ဘဒ္ဒန္တနန္ဒိယ ငွေတောင်ရွာသစ်၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖရူးဆိုမြို့နယ်၊ ကယားပြည်နယ်။

၅။ ဘဒ္ဒန္တသြသဓောဏ ဒေါဘူးကူးသာသနာပြုဌာန၊ ဒေါဘူးကူးကျေးရွာ၊ ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ်။

၆။ ဘဒ္ဒန္တကုန္ဒရုံသီ မြို့တော်ဦး ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရပ်ကွက်(၄)၊ သံတောင်မြို့၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်။

၇။ ဘဒ္ဒန္တတိက္ခဉာဏ လုံပီးတောရကျောင်း၊ လုံပီးကျေးရွာ၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။

၈။ ဘဒ္ဒန္တဓမ္မိက ရှစ်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရှစ်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်။

၉။ ဘဒ္ဒန္တဝိသာရဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ချွန်ကျုံးကျေးရွာ၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။

၁၀။ ဘဒ္ဒန္တကုန္ဒာဝုဓ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်။

၁၁။ ဘဒ္ဒန္တနန္ဒောဘာသ အမှတ်(၁) ဘ/ကကျောင်း၊ ရွှေသိမ်တော်ကျောင်း တိုက်၊ ညောင်ပင်ကန်ကျေးရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၂။ ဘဒ္ဒန္တဒီပသာရ အောင်မြင် ဘ/ကကျောင်း၊ နမောကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၃။ ဘဒ္ဒန္တပဏ္ဍိတ ရွှေဂူအရှေ့ ဘ/ကကျောင်း၊ ရွှေကူအုပ်စု၊ တန့်ဆည် မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၄။ ဘဒ္ဒန္တနန္ဒမာလာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု ဘ/ကပညာရေးကျောင်း၊ ဆပ္ပလော်ကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၅။ ဘဒ္ဒန္တလာသန ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကချင်စုကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၆။ ဘဒ္ဒန္တယသဉာဏ ရွာလယ်တိုက်ကျောင်း၊ သရက်နှစ်ခွကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း။

၁၇။ ဘဒ္ဒန္တစန္ဒိမာ အမှတ်(ဂ) ဘ/ကကျောင်း၊ ဓမ္မရတနာကျောင်းကြီး၊ ဇောင်းတူကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

၁၈။ ဘဒ္ဒန္တစန္ဒောဘာသ လေးမိုင်ရွာဦးကျောင်း၊ လေးမိုင်ကျေးရွာ၊ ဆိပ်ဖူးတောင် ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း။

၁၉။ ဘဒ္ဒန္တဇဋိလသာရ ဓမ္မသုခိ(ကန်ငယ်)ကျောင်းတိုက်၊ ကန်ငယ်ကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၂၀။ ဘဒ္ဒန္တလာဘာလင်္ကာရ မောင်းထောင်တောရကျောင်းတိုက်၊ နွယ်ချို (၁+၂)ရပ်ကွက်၊ ၂၁ လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၂၁။ ဘဒ္ဒန္တကဝိဓဇ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ အန်းတား သာသနာပြုဌာန၊ အန်းတားရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း။

၂၂။ ဘဒ္ဒန္တအာလောက ကံစွယ်ကျောင်းတိုက်၊ အလည်ချိုင်းအရှေ့ရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တစန္ဒာဝရ စက်ဦးကျောင်းတိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာ မြို့၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တဇိနာလင်္ကာရ ဝိဇ္ဇာသိရိကျောင်း၊ စံပယ်တောကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တသောဘိတ ရွှေကျင်ကျောင်းတိုက်၊ အမှတ် ၃ ရပ်ကွက်၊ မလှိုင် မြို့နယ်၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တနန္ဒာစရိယ ခွေးသေထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ခွေးသေ ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်။

၂၇။ ဘဒ္ဒန္တမေဓာနန္ဒ ပုညသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရဲရိပ်သာရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၈။ ဘဒ္ဒန္တနရိန္ဒ တိုင်းရင်းသားလူမျိုးစု လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ကန်ဦးကျောင်း၊ အမှတ် ၉ ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်း။

၂၉။ ဘဒ္ဒန္တကုန္ဒက ဓမ္မိဿရကျောင်း၊ အာသာဝတီတိုက်၊ ၂ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၃၀။ ဘဒ္ဒန္တဝိစိန္တာ ဟိုနမ္မာထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ မန်မန် ဆိုင်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၃၁။ ဘဒ္ဒန္တပညာဇောတ ရှူခင်းသာထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်လုံဒေသ၊ ဟိုပန်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၃၂။ ဘဒ္ဒန္တဝိမလ ထပ်စွမ်စိုင့်ဟိုနမ့်တောရကျောင်း၊ မိုင်းလင်း(အနောက်)၊ တာလေမြို့၊ တာချီလိတ်ခရိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၃၃။ ဘဒ္ဒန္တနရိန္ဒ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ နောင်ဆုံ (၂)ရွာ၊ ကက်ထိုက် အုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၃၄။ ဘဒ္ဒန္တသုန္ဒရ ရတနာပုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်။

၃၅။ ဘဒ္ဒန္တသူရိယ ရွှေတောင်တန်းပရဟိတ ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းလွန်ကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၆။ ဘဒ္ဒန္တဝိစိတ္တသာရ လန်းကောသာသနာပြုကျောင်း၊ လန်းကောကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်။

၃၇။ ဘဒ္ဒန္တတိက္ခဉာဏ ကိုင်းချောင်းပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်း။

၃၈။ ဘဒ္ဒန္တသြဘာသ အသောကာရာမကျောင်းတိုက်၊ ကန့်ကော်ကန်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်း။

၃၉။ ဘဒ္ဒန္တပဏ္ဍိတ အောင်မင်္ဂလာရွှေကျင်ကျောင်းတိုက်၊ ချောင်းကြီးကျေးရွာ အုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှအဆက်

သီလရှင်ဆရာကြီးများ

၄၀။ ဒေါ်သုတဝတီ ချမ်းမြေ့မဉ္ဇူရီသီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်း၊ ဝက်ကုန်းကျေးရွာ၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။
၄၁။ ဒေါ်ဇဝနစာရီ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုသီလရှင်ကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊ စစ်ကိုင်းတိုင်း။

လူပုဂ္ဂိုလ်

၄၂။ ဦးတင်ငွေ (၃/၁၁) အောင်သိဒ္ဓိလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သာသန ဒက္ခိဏာရာမဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ မင်းတန်းကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တ ပညာစာရ ကံယုံကျောင်းတိုက်၊ မောင်းမကန်ရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။
၃။ ဘဒ္ဒန္တ ကောသလ္လ ဓမ္မဂုဏ်ရည်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဖိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၄။ ဘဒ္ဒန္တ ဉာဏ်ဿရိယ ဒီပါရုံအောင်ဓမ္မရိပ်သာကျောင်းတိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၅။ ဘဒ္ဒန္တ ဉာဏိန္ဒ ဝေဘူကျောင်းတိုက်၊ ဖောင်ရွာရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။
၆။ ဘဒ္ဒန္တ ဉာဏ မင်းကွန်းတောရကျောင်းတိုက်၊ အမှတ် ၃၉၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား ၂ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဘဒ္ဒန္တ ဇောတိက အိမ်တော်ရာတိုက်၊ ရွှေတီကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဘဒ္ဒန္တ ကစ္စာယန ဓမ္မရိပ်သာကျောင်းတိုက်၊ သုဝဏ္ဏာသီဂီ၊ မိုးကုတ်ဝိပဿနာရိပ်သာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဘဒ္ဒန္တ သာသန မဟာစည်တိုက်ခွဲ၊ ကံဦးသာသနာ့ရိပ်သာ၊ အမှတ် ၁၂ ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။

မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ အာဒိစ္စဝံသ မဟာစည်သာသနာ့ရိပ်သာ၊ အောင်နန်းရိပ်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တ သောဘဏ ကြောင်ပန်းဓမ္မာရုံကျောင်းတိုက်၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တ ဉာဏ်သာဘ ရန်အောင်စည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ခင်ဦးမြို့၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တ ဝရဉာဏ မင်းရပ်ချောင်၊ ပဋိပတ္တိသာသနာ့ရိပ်သာ၊ မင်းရပ်ရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။
၅။ ဘဒ္ဒန္တ ကလျာဏ မိုးညှင်းဝိပဿနာသပြေစမ်းကျောင်းတိုက်၊ သပြေစမ်း ၁၈ ရပ်ကွက်၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း။
၆။ ဘဒ္ဒန္တ ကဉ္စနသာရ မန်းကျောင်းတိုက်၊ ရွာသစ် ၄ ရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း။
၇။ ဘဒ္ဒန္တ ဓမ္မသာမိ ညောင်ပင်သာကျောင်းတိုက်၊ ညောင်ပင်သာကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၈။ ဘဒ္ဒန္တ ဥေယျဓမ္မ သာသနာ့မဏ္ဍူ မဟာစည်ရိပ်သာ၊ ရပ်ကွက်ကြီး ၆၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။
၉။ ဘဒ္ဒန္တ ကေသရိန္ဒ ဖားအောက်တောရရိပ်သာ ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၀။ ဘဒ္ဒန္တ ဝံသီ ဝမ်းတော်ပြည့် ပရိယတ္တိ/ပဋိပတ္တိသာသနာပြုကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။
၁၁။ ဘဒ္ဒန္တ ဉာဏက မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ၊ တရားတော်ပြန့်ပွားရေးဌာနချုပ်၊ ရွှေလင်းယုန်ကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၁၂။ ဘဒ္ဒန္တ ဉာဏောဘာသ ရွှေနံ့သာ ပရိယတ္တိမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း။
၁၃။ ဘဒ္ဒန္တ သူရိယ မဟာစည်သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းကျောင်း၊ နမ့်တီးကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၁၄။ ဘဒ္ဒန္တ ဉာဏ်စက္က နိဂြောဓာရုံသာသနာ့ရိပ်သာ၊ ရွှေတောင်မော်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နန္ဒဝံသ ဓမ္မရိပ်သာကျောင်းတိုက်၊ ကနက်သီရိကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း။
၂။ ဘဒ္ဒန္တ ပညာသာမိ အောင်ချမ်းသာမဟာစည်သာသနာ့ရိပ်သာ၊ကျောင်းတိုက်၊ ပေါင်းတလည်အုပ်စု၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၃။ ဘဒ္ဒန္တ ဓမ္မပါလ ကျောင်းကြီးကျောင်းတိုက်၊ ကသစ်ကန်ရွာ၊ အောင်လံမြို့နယ်၊ မကွေးတိုင်း။
၄။ ဘဒ္ဒန္တ နန္ဒိယ တလရော့(ဒ်)ဓမ္မရိပ်သာကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၅။ ဘဒ္ဒန္တ သုနန္ဒ ဓမ္မရုံသီရိပ်သာကျောင်းတိုက်၊ ကုန်းမြင့်သာယာရပ်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။
၆။ ဘဒ္ဒန္တ ဒေဝိန္ဒ စွန်းလွန်းဝိပဿနာရိပ်သာကျောင်းတိုက်၊ (၁၀)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၇။ ဘဒ္ဒန္တ သောဘန သာသနာ့မာန်အောင် သထုံမူလမင်းကွန်းဇေတဝန်မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ နားခန်ကျေးရွာ၊ မိုးနဲမြို့၊ ရှမ်းပြည်နယ်။
၈။ ဘဒ္ဒန္တ နန္ဒမာလာ ကျိုက္ကမျှမ်ဘုရားကြီး လိပ်ဥကုန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ လိပ်ဥကုန်းကျောင်းတိုက်၊ (၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးနိုင်ဦး(မိဘရိပ်) အမှတ် ၁၊ လှော်ကားလမ်း၊ ၂၀/(က)ရပ်ကွက်၊ ဒဂုံတောင်ပိုင်း၊ ရန်ကုန်တိုင်း။
၂။ ဦးဘိုကြီး အမှတ်၇၂၊ ရေတာရှည်လမ်းဟောင်း၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးစိုးဟန်လင်း အမှတ်၂၀၉၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးညွန့်ရွှေ အမှတ်၈၃၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဦးဇော်မင်းဇင် အမှတ်၁၃၅(အေ)၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဦးခင်မြင့် စံရွေးတန်းလမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်)။

အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ညိုညို တိုက်အမှတ်၁၂၊ တရုတ်တန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဒေါ်ဒေါ်ကျင် အမှတ် ၁၆၀-၁၆၂၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဒေါ်ခင်နန်းမွန် အမှတ်၉၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဒေါ်အေးအေးခန့်(ခ)ဒေါ်ခင်စန်းကြည် အမှတ် ၅၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း။
၅။ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် အမှတ်၂၉၁(အေ)၊ အေးချမ်းသာယာလမ်း၊ အေးချမ်းသဇင်မြိုင်ဂေဟာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဒေါ်ခင်မိမိလှိုင် အမှတ် ၆၃(ဒီ)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးကြည်လွင် အမှတ်၁၂၈၊ ၇၈/၃၇လမ်းထောင့်၊ မျက်ပါးရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၂။ ဦးဘခန့် ရွှေစင်မေစတိုး၊ အမှတ်၆၅၊ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးတင်ဝင်း အမှတ် ၈၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သီရိသုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ရင်ကြွေ ငွေရတနာပန်းအထည်တိုက်၊ သရက်တောရပ်ကွက်၊ ရန်ကုန်-ပြည်လမ်း၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း(အနောက်)။
၂။ ဒေါ်မြင့်မြင့် မြတ်ကျော်စက်မှု၊ ၅၁ လမ်း၊ စက်မှုဇုန်(၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၃။ ဒေါ်သန်းသန်းနွဲ့ အမှတ် ၂၁/၂၈၊ ၈၉ လမ်း၊ ၂၂/၂၃ လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၄။ ဒေါ်မြသိန်း(ခ)ဒေါ်အမာစိန် အခန်း ၂၇၊ တိုက် ၁၅၊ ဦးဝိစာရအိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဒေါ်သန်းသန်းစိန် အမှတ် ၈(က)၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘိုကြီး(ခ)ဦးအောင်ငွေ၊ အမှတ်(၃)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဦးတင်အောင် အမှတ်-၈၇၀(အီး)၊ ကျောင်းလမ်း၊ ၁၀-မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးအောင်မွန် အခန်း ၂၀၃၊ ဒုတိယထပ်၊ တိုက်(၂)၊ (၈) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

သီဟသုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ဆွေသဇင် အမှတ် ၃၊ လမ်း-၃၀၊ ၇၀/၇၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂။ ဒေါ်နုနုငယ် အမှတ် ၁၄-အေ၊ မြရတနာလမ်း၊ ၁၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘမြင့် အမှတ်(၁)ရပ်ကွက်၊ ရတနာရပ်၊ ဝက်လက်မြို့၊ စစ်ကိုင်းတိုင်း။
၂။ ဒေါက်တာအောင်လွင် အမှတ် ၁၄၁၊ ဗိုလ်မှူးဗထူးလမ်း၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၃။ ဦးသိန်းရွှေ မြို့မဘူတာလမ်း၊ ဈေးရပ်ကွက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်)။
၄။ ဦးခင်မောင် အမှတ် ၁၀၇၊ ကဉ္စနမဟီရပ်ကွက်၊ လမ်း ၃၀၊ ၇၉/၈၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၅။ ဦးဝင်းမောင် ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။
၆။ ဦးကျော်ဝင်း သစ္စာစေတနာရိပ်မွန်၊ အမှတ် ၆၅၃/၁၆၊ ရှမ်းပွဲရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၇။ ဦးသိန်းအောင် ရွှေပြည်ရန်လုံရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။
၈။ ဦးခင်မောင်လှ(ခ)ဦးဝင်းထိုက် ၂၂၄၊ ၃၂ လမ်း၊ ၈၃၊ ၈၄ လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၉။ ဦးယဉ်လှအောင် အမှတ် ၃၂၊ စောမဲကျီလမ်း၊ သာယာကုန်း(၁)ရပ်ကွက်၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်။
၁၀။ ဦးအောင်ဒင် အမှတ် ၁၈၃ (အေ/ဘီ)ရတနာပုံ(၂)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဦးချစ်မောင် အမှတ် ၄၇၆၊ ၄-လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၂။ ဦးချစ်အေး အမှတ် ၁၂၀၊ ဘုန်းကြီးလမ်း၊ အမှတ်(၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၃။ ဦးမောင်မောင် အမှတ် ၁၂၂၊ ၂၂ လမ်း၊ ၆ ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။
၁၄။ ဦးထွန်းရှိန် အမှတ် ၈၂၊ ဒဂုံသီရိလမ်း၊ အထက်ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၁၅။ ဦးဝင်းအောင် အမှတ် ၂၇(ဒီ)၊ အောင်ဇေယျလမ်း၊ ရွှေတောင်ကြား(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၆။ ဒေါက်တာဦးစိုးမြင့် အမှတ် ၉၊ မဏိမေခလာလမ်း၊ မန်ကျည်းတန်းတောင်၊ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၇။ ဒေါက်တာမောင်မောင်ဦး အမှတ် ၂၇၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈ လမ်းထောင့်၊ အာရှပလာဇာ၊ ၆ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။
၁၈။ ဦးထိန်ဝင်း အမှတ် ၁၁၄၁၊ အောင်သုခ ၂၁ လမ်း၊ ၆/ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၁၉။ ဦးအာဝါး(ခ)ဦးထွန်းဝင်း အမှတ် ၂၇၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၀။ ဦးသက်နိုင် အခန်း ၃၊ တိုက်(စီ)၊ ရွှေငုဝါလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၁။ ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူ အမှတ် (၃၄၂/က)၊ ဦးမောင်မောင်စိုးလမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၂။ ဦးမောင်လေး တိုက်အမှတ် (၅/ဂ)၊ ဗိုလ်ချုပ်လမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့)။
၂၃။ ဦးကျင်ဟန် အမှတ် ၃၊ မင်းရဲကျော်စွာလမ်း၊ ရယက ၆ ရပ်ကွက်၊ ပုသိမ်အနောက်မြို့နယ်၊ ဧရာဝတီတိုင်း။
၂၄။ ဦးသိန်းမောင် အမှတ် ၅၊ ရတနာပုံလမ်း၊ မြို့မ၂ရပ်ကွက်၊ ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်း။

သုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ခင်ထွေး(ခ)ဒေါ်နွယ်နွယ်အေး၊ အမှတ် ၃၇၅၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဒေါ်နော်ဖောဖော အတွင်းမဲကနယ်ကျေးရွာ၊ အမှတ် ၁၃၁-ခ၊ ဘုရင့်နောင်လမ်း၊ ၄ ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်။
၃။ ဒေါ်ကျင်ရွှေ ထိန်ငူသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၄။ ဒေါ်သိန်းရင် အမှတ် ၁ ရပ်ကွက်၊ ဘုရားကြီးလမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း(အနောက်)။
၅။ ဒေါ်ခင်သန်း စံချိန်မှီစက်နို့ဆီ၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်)။
၆။ ဒေါ်မြအေး စံရွေးတန်းလမ်း၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်)။
၇။ ဒေါက်တာနီလာသိန်း၊ အမှတ် စီ(၂)၊ (၃၄၆)၊ ကန်သာ ၁၄ လမ်း၊ မကွေးမြို့၊ မကွေးတိုင်း။
၈။ ဒေါ်ချစ်ချစ် အမှတ် ၈၃၊ မီးခြစ်စက်လမ်း၊ ၁၉ × ၂၀လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၉။ ဒေါ်လဆိုင်း(ခ)ဒေါ်အမာ အမှတ် ၈/၃၅၊ သစ်တောလမ်း၊ ရပ်ကွက်ကြီး ၆၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။
၁၀။ ဒေါ်ရင်ရင် အမှတ် ၂ ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။
၁၁။ ဒေါ်ခင်အုန်းရီ အမှတ်၁၉၆၊ လမ်း၃၀၊၈၂ ×၈၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၂။ ဒေါ်စမ်းစမ်း အမှတ် ၁၅၊ ၉ လမ်း၊ ၇၆ ×၇၇ကြား၊ လှည်းတန်းရပ်၊ အကွက် ၃၃၊ အမရဌာနီအရှေ့၊ စံခေါင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၃။ ဒေါ်ခင်သန်းရွှေ အမှတ် ၁၁၀၊ ၃၃ ×၃၄ ကြား၊ ၈၅ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၄။ ဒေါ်မြစန္ဒာဝင်း အမှတ်၃၁၊ ၂၅ လမ်း၊ ၈၁×၈၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၅။ ဒေါ်စိန်စိန် အမှတ် ၉၊ အင်းလျားရိပ်သာလမ်း၊ ၁၀ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၆။ ဒေါ်ဝင်းကြည် အမှတ် ၉၉-အက်ဖ်၊ သံလွင်လမ်း၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၇။ ဒေါ်ယဉ်ယဉ်နု အမှတ် ၄၉၊ အုတ်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၈။ ဒေါ်ခင်ခင်စိန် အမှတ်၂၅(အီး)၊ စိန်ဂေဟာ၊ သီရိမင်္ဂလာရိပ်သာ၊ အမှတ် ၇ ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၉။ ဒေါ်မြမြ နှဲသမိန်စံပြကျေးရွာ၊ အမှတ် ၁ ရပ်ကွက်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၀။ ဒေါ်မာမာ အမှတ် ၁၉၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား၁ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၁။ ဒေါ်မေသန်းနွယ် အမှတ် ၂၈၈-၂၉၀၊ မြေညီထပ်၊ ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။
၂၂။ ဒေါက်တာမြင့်ရွှေဇင် အမှတ် ၈၉၉၊ ကျောင်းလမ်း၊ ၇ ရပ်ကွက်၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၃။ ဒေါ်နန်းဖူး အမှတ် ၂၅၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၄။ ဒေါ်စိန်ထွေး အမှတ် ၅၁၉၊ ဥယျာဉ်လမ်းသွယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၅။ ဒေါ်လှဲ့လှဲ့ဝင်း (ခ) ဒေါ်ခင်လှဲ့လှဲ့ဝင်း အမှတ် ၂၇(က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို ၂ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၆။ ဒေါ်ခင်ဆွေဦး တိုက် ၁၊ အခန်း(၅/၆)၊ ပြည်ထောင်စုလမ်း၊ ၂၆ ရပ်ကွက်၊ မြို့ဦးရိပ်မွန်၊ ဒဂုံတောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၇။ ဒေါ်အိကေသွယ်မင်း အမှတ် ၂၊ မဟာဗေယျာလမ်း၊ ရေကျော်ရပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၈။ ဒေါ်စန္ဒာဝင်း အမှတ် ၁၅၄၊ ၁၉ လမ်း(အပေါ်လမ်း)၊ ၄ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။
၂၉။ ဒေါ်ကြင်မြိုင် အမှတ် ၁၀၃၊ မြဂေဟာဦးဘချိုလမ်း၊ အမှတ် ၅ ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။
၃၀။ ဒေါ်ခင်စိန်(ခ)ဒေါ်ရွှေစိန် အမှတ် ၁၆၊ ၁၄ လမ်း၊ မြို့မ ၇ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။
၃၁။ ဒေါ်မြင့်မြင့် အမှတ် ၂၀၊ ၆ လမ်း၊ ၉ ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

အမိန့်အရ-

(ပုံ)

သီဟသူရတင်အောင်မြင့်ဦး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး(၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံ အကြီးအကဲများ

သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီး အကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့လျက်ရှိသည်။

သီရိလင်္ကာဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဇန်နဝါရီ ၄ရက်၌ ကျရောက်သော နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သီရိလင်္ကာဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာထံမှ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအား ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အနာဂတ်ကာလတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ သီရိလင်္ကာ ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရတနာသီရိဝစ်ခရမ်မာနာရာကာကလည်း နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့နှင့်ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ သီရိလင်္ကာ ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ရိုဟီသာဘိုဂိုလာဂါမာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ကိုရီးယားသမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတမစ္စတာနိုမူဟွန်းထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ထူးမြတ်သည့်အခါသမယတွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားပြည်သူများအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများသည် မကြာသေးသည့်နှစ်များက သိသာစွာ တိုးတက်လာခဲ့ပါကြောင်း၊ မိမိတို့၏ ချစ်ကြည်စွာ ဆက်ဆံရေး တိုးတက်လာခြင်းသည် နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ကျူးဘားသမ္မတနိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကျူးဘားသမ္မတနိုင်ငံ ခေတ္တသမ္မတ ရာအူးကက်စထရိုရုဇ်ထံမှ ပေးပို့သောသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးပွားလာမည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့ မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ပက်ထရစ်ရှာအက်စ်ပီနိုစာစီထံမှ ပေးပို့သောသဝဏ်လွှာ၌ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

တူရကီသမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ တူရကီသမ္မတနိုင်ငံ သမ္မတမစ္စတာ အဗ္ဗဒူလာဂူးလ်ထံမှ ပေးပို့သော သဝဏ်လွှာ၌ မြန်မာနိုင်ငံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေး အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအား ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာရီဆက် တေယစ်အာဒိုဂန်ထံမှ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့နှင့် ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု ပုဂံမြို့သစ် အမှတ်(၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုဂံမြို့သစ် အမှတ်(၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက ပုဂံမြို့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ညောင်ဦး(ပုဂံ) မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲမှခ်ဦးအား မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး**(ဝဲပုံ)** မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဧည့်သည်တော်များက ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ခဲ့

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၃၆၉၂၀၀၀နှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၉၅၀၀၀၀ စုစုပေါင်းကုန်ကျငွေ ကျပ် ၉၆၄၂၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အရှည်ပေ ၁၅၀၀

အဆိုပါ ကတ္တရာလမ်းသစ်မှာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ပေ ၆၆၀နှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ပေ၈၄၀ စုစုပေါင်းလမ်းအရှည်ပေ ၁၅၀၀ ရှိပြီး လမ်းအကျယ် ၁၅ပေ လမ်းနယ်အကျယ်ပေ ၅၀ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အထက(၁) ၂၀၀၈ခုနှစ် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ထူးချွန်ဆုရရှိသူတစ်ဦးအား ကျောင်းအုပ် ဆရာမကြီး ဒေါက်တာနွယ်နီလွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

သိမ်သမုတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း အင်းတကော်မြို့(အနောက်) စွန်းလွန်းဂူဝိပဿနာရိပ်သာကျောင်းတိုက်အတွင်း နယ်သိမ်းခဏ္ဍသိမ်သမုတ်ပွဲကို ၁၃၆၉ခုနှစ် နတ်တော်လပြည့်ကျော်(၁၃)ရက် (တနင်္ဂနွေနေ့)ဇန်နဝါရီ ၆ရက် ည ၁၀ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အထက(၁) မြဝတီခန်းမတွင် ဇန်နဝါရီ ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်က ဖတ်ကြားစဉ်။ (၁၁၆)

မှူးယဉ် ကင်းစင် အလှဆင်

ကြံတစ်ဧကတန်၅၀ထွက်ရှိရေး စိုက်ပျိုးနည်းသစ်များ လက်တွေ့သရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ကေ၈၈/၉၂ နဝဒေး(၂) ကြံမျိုးစိုက်ပျိုးနည်းပညာပေးသရုပ်ပြပွဲကို ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ညောင်သုံးပင်ကျေးရွာ ကြံတောင်သူဦးဆိုဖာ၏ ကြံမြေ သုံးဧက၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

သရုပ်ပြပွဲသို့ ရှမ်းပြည်နယ် ကြံသီးနှံလုပ်ငန်းဌာန ပြည်နယ်တာဝန်ခံ ဦးညွန့်ခင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအဖွဲ့များ၊ ပင်ဖြစ်၊ ရတနာပုံ၊ ညောင်သုံးပင်နှင့် ပေါ့ကျေးရွာများမှ ကြံစိုက်တောင်သူ ၂၀၀ကျော်တို့ တက်ရောက်ကြည့်ရှု လေ့လာကြသည်။

လက်တွေ့သရုပ်ပြသ

ရှေးဦးစွာ ကေ-၈၈/၉၂ နဝဒေး(၂)ကြံမျိုးအား စနစ်တကျ မျိုးပိုင်းအသုံးပြုနည်း၊ ထုံးရည်စိမ်ခြင်းနှင့် ဓာတ်မြေဩဇာ သဘာဝမြေဩဇာအချိုးကျသုံးစွဲနည်း ခြောက်ပေ၊ တစ်ပေ နှစ်တန်းပြိုင် (က)စိုက်ပျိုးနည်း စနစ်ပညာများကို ကြံသီးနှံ လုပ်ငန်းဌာန မြို့နယ်တာဝန်ခံ ဦးအောင်ကြည်နှင့်ဝန်ထမ်းများက လက်တွေ့ပညာပေး သရုပ်ပြသကြကြောင်း သိရသည်။**(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ရေပန်းဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပြည့်စုံစာအုပ်တိုက်ထုတ် စာအုပ်များမိတ်ဆက်ပွဲ

စာပေသတင်း - မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၅

တိုးတက်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဗဟုသုတဖြစ်စေမယ့် စာအုပ်စာပေတွေကို မဖြစ်မနေ ဖတ်ရှုလေ့လာဖို့ လိုအပ်ပါတယ်။ စာပေတန်ဖိုးမြင့်မားတဲ့ စာအုပ်တွေဟာ လူမှုအဖွဲ့အစည်းတစ်ခုမှာ ရှိသင့်ရှိထိုက်တဲ့ ပစ္စည်းတွေဖြစ်သလို လူတစ်ဦးချင်းအတွက်လည်း တန်ဖိုးရှိတဲ့ရတနာတွေပါပဲ။

မိတ်ဆက်ပွဲ

ဒီလိုစာအုပ်မျိုးတွေဖြစ်တဲ့ ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေတဲ့ ပါမောက္ခ ဒေါက်တာမောင်မောင်စိုးရဲ့ **"စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အခြေခံမှု (၁၀)ချက်"** စာအုပ်နဲ့ အငြိမ်းစား အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ ပါမောက္ခ ဦးကျော်ညွန့်ရဲ့ **"ဆင်းရဲခြင်းကို တိုက်ဖျက်ခြင်း"**ဆိုတဲ့ စာအုပ် မိတ်ဆက်ပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းမှာရှိတဲ့ အမျိုးသားပိုင်အမ်ဘီအေ အဆောက်အအုံ(ပထမထပ်)မှာ ဇန်နဝါရီ ၅ရက် နံနက် ၁၀နာရီက ကျင်းပခဲ့ပါတယ်။

စိတ်ဝင်စား

ဒီစာအုပ်မိတ်ဆက်ပွဲမှာ **"စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံမှု(၁၀)ချက်"** စာအုပ်ရေးသားသူ ပါမောက္ခ ဒေါက်တာမောင်မောင်စိုးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံလိုအပ်ချက် သဘောတရားတွေ ဆွေးနွေးတဲ့အခါ စာအုပ်ထဲမှာ ပါတဲ့အတိုင်း စီးပွားရေးနဲ့ ပတ်သက်ပြီး ဘယ်လို ဆုံးဖြတ်ချက်တွေချမလဲ၊ ဆုံးဖြတ်ချက်ချပြီးရင် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ကြမလဲ၊ အလုပ်လုပ်ကိုင်လို့ ရရှိလာတဲ့ အကျိုးရလဒ်တွေကို ဘယ်လို ခွဲဝေအသုံးပြုမလဲ စတဲ့ အချက်တွေအပေါ် အခြေခံပြီး ဆွေးနွေးသွားပါတယ်။ သူရဲ့ စာအုပ်ထဲမှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံမှု(၁၀)ချက်ကို တစ်ချက်ချင်းအလိုက် ရှင်းပြထားတာဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒီစာအုပ်ဟာ လူမှုစီးပွားရေးဘဝကြီး တစ်ခုလုံး ဘယ်လိုလှုပ်ရှားနေတယ် ဆိုတဲ့သဘောကို သိစေ မြင်စေတဲ့ စာအုပ်ပါပဲ။

ကျယ်ကျယ်ပြန့်ပြန့်

နောက်တစ်အုပ်ကတော့ အငြိမ်းစား အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေပါမောက္ခ ဦးကျော်ညွန့်ရဲ့ **"ဆင်းရဲခြင်းကို တိုက်ဖျက်ခြင်း"** ဆိုတဲ့ စာအုပ် ဖြစ်ပါတယ်။ ဒီစာအုပ်နဲ့ပတ်သက်ပြီး မိတ်ဆက်ဆွေးနွေးတဲ့အခါ ကမ္ဘာ့နိုင်ငံတွေမှာ ဆင်းရဲမွဲတေမှုဖြစ်နေပုံ၊ အာဖရိကတိုက်ရဲ့ ဆင်းရဲမွဲတေမှုနဲ့ ဆင်းရဲခြင်းကို ဘယ်လိုအဆုံးသတ်မလဲ ဆိုတဲ့ အကြောင်းအရာတွေကို အငြိမ်းစား အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ ပါမောက္ခ ဦးကျော်ညွန့်က ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားပါတယ်။

ဗဟုသုတ

"ဆင်းရဲခြင်းကို တိုက်ဖျက်ခြင်း" စာအုပ်မှာ အခန်း ၁၆ခန်းပါဝင်ပြီး လူတစ်ဦးချင်း၊ လူမှုအဖွဲ့အစည်းတစ်ခုချင်း တိုးတက်ဖွံ့ဖြိုးမှုရရှိမယ့် အချက်တွေကို ဗဟုသုတရဖွယ် ရေးသားထားတာ တွေ့ရပါတယ်။ စာအုပ်မိတ်ဆက်ပွဲ အပြီးမှာ တက်ရောက်လာသူတွေရဲ့ စိတ်ဝင်စားဖွယ် မေးခွန်းတွေကို ဆရာနှစ်ဦးစလုံးက ကျယ်ကျယ်ပြန့်ပြန့် ဖြေကြားပေးသွားတာမို့ ဗဟုသုတရှိစေတဲ့ စာအုပ်မိတ်ဆက် ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ ॥ **(မြန်မာ့အလင်း)**



ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်မိတ်ဆက်ပွဲကို အမျိုးသား ဝိုင်အမ်စီအေ အဆောက်အအုံ (ပထမထပ်)၌ ကျင်းပစဉ်။

* ကျောဖုံးမှ

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မင်္ဂလာအချိန်တွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့က နေပြည်တော် ရေပန်းဥယျာဉ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်က Naypyitaw Water Fountain Garden ဆိုင်းဘုတ်ကို လည်းကောင်း စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက ဆိုင်းဘုတ်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဧကခန့် ကျယ်ဝန်းပြီး ဥယျာဉ်အဝင်မုခ်ဦးကို Steel Structure ဖြင့် တည်ဆောက်ထားကာ အမြင့် ၄၈ပေ၊ အကျယ် ၄၈ပေရှိသည်။ ရေပန်းဥယျာဉ်အတွင်း ခြောက်ဧက အကျယ် ရေဂါလန် ၁၅သန်းဆံ့ ပင်မရေကန်ကြီး တစ်ကန်နှင့် ကန်အတွင်း ရေပန်းကြီး သုံးခု၊ ဘဲငန်းကန်နှင့် ရေပန်းကန်ငယ် ၁၁ကန်တွင် ရေပန်းအလှ ပုံစံမျိုးစုံ ၁၃ခု၊ အမြင့်ပေ ၃၀ရှိ လေးဖက်မြင် သံစုံမြည် နန်းမြင့်နာရီစင်၊ မိသားစုအလိုက် အပန်းဖြေနားနေရန်နှင့် ရှုမျှော်ခင်းများ ကြည့်ရှုနိုင်ရန် နားနေဆောင်ကိုးဆောင်၊ ရှုရပ်ပန်းဥယျာဉ်ငယ်နှစ်ခု၊ ကျောက်တုံးဥယျာဉ်နှစ်ခု၊ ၁၀ပေအကျယ် Buggy ကားလမ်းနှင့် လူလျှောက်လမ်းများပါဝင် တည်ဆောက်ထားပြီး ပြည်သူများ အပန်းဖြေ အနားယူနိုင်ရန် မည်သူမဆို လာရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် နေပြည်တော်ရေပန်းဥယျာဉ်တွင် ပြည်သူများ အနားယူအပန်းဖြေနေကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော်ရေပန်းဥယျာဉ်ဆိုင်းဘုတ်ကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး

အပန်းဖြေအနားယူနိုင်

အဆိုပါ နေပြည်တော် ရေပန်းဥယျာဉ်မှာ နေပြည်တော်-တောင်ညို ကားလမ်းမကြီးဘေး နေပြည်တော် မြို့တော်ခန်းမအနီး၌ တည်ရှိ၍ ၆၅

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာတိုက်(လားရှိုး)၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ရက် နံနက်က စာတည်း ဦးဇော်လွင်နှင့် ဇနီး ဒေါ်နီလာဝင်းတို့က စက်ရုံဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲ အားကစားပွဲများ ကျင်းပပေးပြီး ညနေပိုင်းတွင် စက်ရုံဝန်ထမ်းများနှင့် ဟူးမွန်ရွာမှ ရွာသူရွာသားများအား အုန်းနို့ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

ဆုချီးမြှင့်

ဇန်နဝါရီ ၃ရက်က အမှတ် (၂၈) အခြေခံပညာမူလတန်းကျောင်း သဃ်န်းကျွန်းမြို့နယ်တွင် ကျင်းပသော မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၆/၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ရဲမင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်သင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ဆွမ်းသိမ်းအောင်ပွဲ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ဈ-၃၃ ၁၀ရပ်ကွက် စနေပတ်သံဃာဒါနဆွမ်းလောင်းအသင်းကြီး၏ (၁၇)ကြိမ်မြောက် မဟာပဋ္ဌာန်းကျမ်းတော်မြတ်ကြီး ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲတရားပွဲများကို ရတနာသီရိလမ်းနှင့် သာစည်လမ်းထောင့်ဓမ္မာရုံတွင် ဇန်နဝါရီ ၁၂ရက်မှ ၁၈ရက်အထိ ညစဉ် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၂ရက်တွင် ဦးခေမိန္ဒနယ်လှည့်ဓမ္မကထိက (တ/ဒဂုံ)၊ ၁၃ရက်တွင် ဘဒ္ဒန္တတိက္ခာစာရမဟာသဒ္ဓမ္မဇောတိကဓဇ အောင်သိဒ္ဓိဆရာတော်(သမိုင်း)၊ ၁၄ရက်တွင် ဦးဉာဏောဘာသဓမ္မကထိက(ရွှေပြည်သာ)၊ ၁၅ရက်တွင် ဦးဝိစိတ္တ ဓမ္မကထိက မေတ္တာရှင်(ရွှေပြည်သာ)၊ ၁၆ရက်တွင် ဦးနာဂဝံသဓမ္မကထိက (ကော့မှူး)၊ ၁၇ရက်တွင် ဦးဝိစာရ ကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးသာသနာ့ရိပ်သာ(အင်းစိန်)၊၁၈ရက်တွင် ဦးရေဝတ နိုင်ငံကျော်ဓမ္မကထိက (ကြာနီကန်) ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ခရမ်းမြို့ သာသနဇောတိက မစိုးရိမ်တိုက်သစ် စာသင်တိုက်ဖွင့်ပွဲနှင့် အလှူမင်္ဂလာပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲ သာသနဇောတိက မစိုးရိမ်တိုက်သစ် စာသင်တိုက်ဖွင့်ပွဲ၊ ပင်မနှစ်ထပ်ကျောင်းဆောင်၊ မဟာဝိဇယသိမ်တော်၊ မဟာဝိဇယစေတီတော် ရေစက်ချ အလှူမင်္ဂလာပွဲ၊ ထီးတော်တင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၁၉ရက်တွင် အဆိုပါကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ထီးတော်များလှည့်လည်အပူဇော်ခံပွဲကို ဇန်နဝါရီ၁၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

ကြည်ညိုလှူဒါန်းနိုင်

သို့အတွက် စေတနာရှင်များ တက်ရောက်ကြည်ညို လှူဒါန်းနိုင်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်
(အဖိတ်နေ့)
၆-၁-၂၀၀၈ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ လှပဝင့်ကြွား ဖောင်တော်ကြီး ဆိပ်ခံတံတား
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၁၀ ၅။ မြန်မာရုပ်ရှင် **ငရဲသား** သီဟတင်စိုး၊ အောင်လွင်၊ ဇင်မာဦး (ဒါရိုက်တာ-သီဟတင်စိုး)
၁၄:၁၅ ၆။ တေးဂီတအစီအစဉ်
၁၄:၃၀ ၇။ အစဉ်အလာကောင်းမည့် လှိုင်းချောင်းတမံ
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၅၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၂)
၁၉:၃၀ ၁၂။ အချုပ်အခြာအာဏာ ဓွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရှေးရှု **ပြည်သူ့အားမာန် ဆည်တာတမံ**
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း-၁၀)
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

အထက(၂) ပုသိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (ယခင်နေရှင်နယ် အမျိုးသားကျောင်း)၌ စစ်ကြိုခေတ်မှစတင်၍ ၂၀၀၈ခုနှစ်အထိ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမများအား ၂၀၀၈ခုနှစ် ဧပြီလတွင် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အဝေးရောက် ဆရာကြီး ဆရာမကြီးများနှင့် ပါဝင်လှူဒါန်းလိုသူ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဦးအောင်ခ (နောင်ရိုးစားသောက်ဆိုင်) ဖုန်း-၀၄၂-၂၅၄၆၉၊ ဦးချစ်လွင် (ကျောင်းအုပ်ကြီး) ဖုန်း-၀၄၂-၂၄၅၆၅၊ ဦးလှအောင် ဖုန်း-၀၄၂-၂၅၃၂၀၊ ဦးသန်းမြင့် ဖုန်း-၀၄၂-၂၅၇၈၅၊ ဒေါ်ခင်ခင်ဝင်း(ပုသိမ်တက္ကသိုလ်) ဖုန်း-၀၄၂-၂၂၄၆၀နှင့် ဒေါ်မယ်အေး (ဆက်သွယ်ရေး) ဖုန်း-၀၄၂-၂၃၇၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **ကျော့ဖုံးမှ**

ဗဟိုစံပြဈေး

ရှေးဦးစွာ ဗဟိုစံပြငါးဈေးကြီးမှ ဒုတိယဥက္ကဋ္ဌဖြစ်သည့် ဦးအောင်သန်းစိန်က ပြောကြားရာတွင် **“ယခုရာသီမှာ ငါးသလောက်အဝင်များပါတယ်။ ဒီဈေးကြီးမှာ ငါးမျိုးစုံနဲ့ ပုစွန်နှစ်မျိုးပေါင်း တစ်နေ့ပိဿာချိန် တစ်သိန်းခွဲလောက်ဝင်ပါတယ်။ ငါးသလောက်များ ဈေးကွက်သို့ အဝင်များလာတဲ့အတွက် အောက်တိုဘာလတုန်းက**

ဗဟိုစံပြ ငါးဈေးကြီးမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းစိန်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

တစ်ပိဿာကို ကျပ် ၁၇၀၀၀ရှိရာမှ ယခုအခါကျပ် ၁၃၀၀၀ သို့ ဈေးကျသွားပါတယ်။ ငါးသလောက်အရွယ်အစားသေးတဲ့ငါးဆိုရင် တစ်ပိဿာကို ကျပ်၁၀၀၀၊ ၁၁၀၀ ပဲ ရှိပါတယ်” ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

ငါးဖမ်းစက်လှေမှဖမ်းဆီးရမိလာသောငါးများကို ဆိပ်ကမ်းသို့ ဝန်ချီစက်ဖြင့် သယ်မယူနေစဉ်။ (မြန်မာ့အလင်း)

“ပြီးတော့ တန်ဆောင်မုန်းလကနေ တန်ခူးလကုန်အထိ ငါးဖမ်းရာသီဖြစ်ပါတယ်။ ဒီကာလမှာ ရေလုပ်သားတွေ ငါးဖမ်းထွက်ကြပါတယ်။ တန်ခူးလကုန်ရင်တော့ ရေလုပ်သားတွေဟာ အိမ်ပြန်ပြီး အနားယူလေ့ရှိပါတယ်။ တန်ခူးလနောက်ပိုင်းမှာ မိုးသက်လေပြင်းများ ကျရောက်လာပြီဖြစ်လို့ ရေလုပ်သားတွေ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်း မထွက်တော့ပါဘူး။ အဲဒီအချိန်မှာ ရေချိုငါးမွေးမြူရေး ကန်တွေက ငါးတွေ ဝင်လာပါတယ်” ဟု ဦးအောင်သန်းစိန်က ဆက်လက်ရှင်းပြသည်။

တစ်ဆင့်ဖြန့်ဖြူး ရောင်းချမည့်သူများသို့ လက်ကားဈေးဖြင့် ရောင်းချပေးရန် ကတ္တားဖြင့် ချိန်တွယ်နေစဉ်။ (မြန်မာ့အလင်း)

ယင်းနောက် ဗဟိုစံပြငါးဈေးကြီးမှ ရုံးအဖွဲ့မှူး ဦးစိန်ဝမ်ကလည်း ငါး၊ ပုစွန်များ ရောင်းရေး ဝယ်တာနှင့် ပတ်သက်ပြီး မြန်မာ့အလင်းသို့ ရှင်းပြရာတွင် **“ဒီငါးဈေးကြီးမှာ အကြီးဆုံး ငါးဒိုင်ကြီးလေးခု ရှိပါတယ်။ အဲဒါတွေကတော့ အမ်အမ်ဂျီ၊ စံပြရွှေငါး၊**

ဗဟိုစံပြငါးဈေးကြီးတွင် ပုစွန်တုပ်များဝင်ရောက်လာရာ အရွယ်အစားအလိုက်ရွေးချယ်ထုပ်ပိုးမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာမန်းနှင့် ဝါဝါဝင်းကုမ္ပဏီလေးခု ရှိပါတယ်။ အခြား ငါးဒိုင်တွေလဲ ရှိပါတယ်။ ဒီစံပြငါးဈေး ဆိပ်ကမ်းကို ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနဲ့ ရန်ကုန်တိုင်းမှာရှိတဲ့ ရေလုပ်ငန်းလုပ်ကိုင်သူတွေက စက်လှေ၊ သင်္ဘောတို့နဲ့ အများဆုံး လာရောက် ရောင်းချကြပါတယ်။ ကုန်းလမ်းက ကားနဲ့ဝင်လာတာလဲရှိပါတယ်။ ဒီစံပြ ငါးဈေးကြီးကို မနက် ၁နာရီခွဲကနေ ည၁၀နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးပါတယ်။ ငါးဒိုင်တွေက လာဝယ်တဲ့ တစ်ဆင့် ရောင်းချသူတွေကို ငါးပိဿာ အနည်းဆုံး ရောင်းချပေးပါတယ်” ဟုပြောကြားသည်။

ဧရာဝတီတိုင်း

ဧရာဝတီတိုင်းသည် ရေလုပ်ငန်းလုပ်ကိုင်သူများပြားသည့် တိုင်းတစ်တိုင်း ဖြစ်သည်။ မအူပင်၊ ညောင်တုန်း၊ ကျိုက်လတ်၊ ပန်းတနော်၊ ဘိုကလေး၊ မော်ကျွန်းမြို့နယ်များသည် ရန်ကုန်မြို့ ဗဟိုစံပြငါးဈေးကြီးသို့ ငါး၊ ပုစွန်များ တင်ပို့ ရောင်းချနေသော မြို့နယ်များဖြစ်သည်။

ပဲခူးတိုင်းရှိ ဝေါ၊ သနပ်ပင်၊ ဒိုက်ဦး၊ ညောင်လေးပင်မြို့နယ်များတွင် မွေးမြူရေးငါးများ မွေးမြူထုတ်လုပ်လျက် ရန်ကုန်ဗဟိုစံပြငါးဈေးကြီးသို့ တင်ပို့ ရောင်းချနေသော မြို့နယ်များဖြစ်သည်။

ရန်ကုန်တိုင်း ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ထန်းတပင်တို့၌လည်း ရေချိုငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ကာ ရန်ကုန် ဗဟိုစံပြ ငါးဈေးကြီးသို့ တင်ပို့ရောင်းချလျက်ရှိသည်။

တင်ပို့ရောင်းချ

တနင်္သာရီတိုင်းရှိ မြိတ်၊ ကော့သောင်းနှင့် ထားဝယ်မြို့နယ်များ၌လည်း ပင်လယ်ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ကာ ဖမ်းဆီးရမိ ငါး၊ ပုစွန်များ ရန်ကုန်ဗဟိုစံပြငါးဈေးကြီးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဗဟိုစံပြငါးဈေးကြီးကို ပိတ်ရက်မရှိ နေ့စဉ်နံနက် ၁နာရီခွဲမှ ည ၁၀နာရီအထိ ဖွင့်လှစ် ရောင်းချပေးနေသည်။ ယင်းငါးဈေးကြီးသို့ ရန်ကုန်မြို့နှင့် အနယ်နယ် အရပ်ရပ်မှ လာရောက် ဝယ်ယူလျက်ရှိသည်။

ဗဟိုစံပြငါးဈေးကြီးသို့ ပုသိမ်၊ မြောင်းမြ၊ မော်ကျွန်း၊ လပွတ္တာမြို့နယ်များမှ ရေချိုပုစွန်များ နေ့စဉ်ပိဿာ ၈၀မှ ၁၀၀အထိ ဝင်ရောက်လျက်ရှိသည်။ လက်ကား ရေချို ပုစွန်တုပ် တစ်ပိဿာ ကျပ်၈၀၀၀မှ ကျပ်၈၅၀၀ ဈေးရှိနေသည်။

ဗဟိုစံပြငါးဈေးကြီးသို့ ငါးမျိုးစုံ စက်လှေအကြီး နေ့စဉ် နှစ်စင်းမှ သုံးစင်းအထိ ဝင်ရောက်နေကြောင်း သိရသည်။ ။

ရန်ကုန်မြို့တွင်း ဈေးများတွင် တစ်ဆင့်ဖြန့်ဖြူးရောင်းချရေးအတွက် ဝယ်ယူရန်စောင့်ဆိုင်းနေကြသူများ။ (မြန်မာ့အလင်း)

ဗဟိုစံပြငါးဈေးကြီး၌ ဇန်နဝါရီ ၅ ရက် ငါး၊ ပုစွန်အချို့ လက်ကားရောင်းဈေး

စဉ်	အမျိုးအမည်	အမြင့်ဆုံးဈေး တစ်ပိဿာ(ကျပ်)	အနိမ့်ဆုံးဈေး တစ်ပိဿာ(ကျပ်)
၁။	ငါးရံ့	၃၂၀၀	၁၈၀၀
၂။	ငါးခူ	၂၇၀၀	၁၈၀၀
၃။	ငါးကျည်း	၂၇၀၀	၁၈၀၀
၄။	ငါးကြင်း	၃၃၀၀	၂၀၀၀
၅။	ငါးမြစ်ချင်း	၂၁၀၀	၁၀၀၀
၆။	ငါးခေါင်းပွ	၂၄၀၀	၁၀၀၀
၇။	ငါးသလောက်	၁၃၀၀၀	၁၅၀၀
၈။	ကသဘောင်း	၆၈၀၀	၂၆၀၀
၉။	ကကတစ်	၅၅၀၀	၂၆၀၀
၁၀။	ငါးပုဏ္ဏား	၄၅၀၀	၃၀၀၀
၁၁။	ငါးတန်	၂၀၀၀	၁၀၀၀
၁၂။	တီလားပီးယား	၁၆၀၀	၁၀၀၀
၁၃။	ငါးဖယ်	၂၆၀၀	၁၂၀၀
၁၄။	ငါးရှဉ့်	၃၃၀၀	၂၅၀၀
၁၅။	ပုစွန်ကျော့	၂၂၀၀	၁၈၀၀
၁၆။	ပုစွန်ဘော့ချိတ်	၄၀၀၀	၂၈၀၀

(မြန်မာ့အလင်း)

နိုင်ငံတကာ မှုခင်း

ဝင့်ကြွေးကြမ္မာ မလွတ်သာခဲ့

အချိန်ကား ၁၉၈၁ခုနှစ်။

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း တက္ကဆက်ပြည်နယ်ရှိ ဒါးလတ်စ်မြို့သည် ကုန်းတွင်းပိုင်းကျသော်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကူးသန်းရောင်းဝယ်ရေးအချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ရှုခင်းများဖြင့် စိမ်းလန်းသာယာစိုပြည်လှပသော မြို့တစ်မြို့လည်းဖြစ်သည်။

ဒါးလက်စ်မြို့တွင် အမေရိကန်လူမျိုးဖခင်နှင့် ကပ္ပလီလူမျိုးမိခင်တို့မှ မွေးဖွားလာသော အသက် ၂၂နှစ်အရွယ်ရှိ ချားလ်ချက်မန် **(အပေါ်ယာပုံ)** ဆိုသူ ကပ္ပလီအမေရိကန်ကပြားတစ်ဦးသည် မိခင်၊ ဖခင်၊ဇနီးသည်နှင့်သားသမီးခုနစ်ဦးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ကြလေသည်။ ချားလ်၏ မိဘများသည် လူလတ်တန်းစားများဖြစ်သည်။ သားဖြစ်သူသည် ပညာရေးကို စိတ်မဝင်စားသဖြင့် အသက်၁၅နှစ်အရွယ်တွင်ပင် ကျောင်းထွက်ခဲ့သည်။ တစ်ဦးတည်းသောသား ဖြစ်သည့် ချားလ်သည် မိဘများ၏လက်ငုတ်လက်ရင်းဖြစ်သောစားသောက်ဆိုင်ကို ဦးစီးလုပ်ကိုင်ခဲ့သည်။

ထိုသို့ မိဘ၏လုပ်ငန်းကို ဦးစီးလုပ်ကိုင်ရင်းကျောင်းထွက်ပြီး တစ်နှစ်အကြာ အသက်၁၆နှစ်အရွယ်တွင် ချားလ်သည် အမေရိကန်နိုင်ငံသူ တစ်ဦးနှင့် ချစ်ကြိုက်လက်ထပ်ခဲ့လေသည်။ ချားလ်သည် သားသမီးအခြွေအရံကုသိုလ်ကံကောင်းသည်ဟု ဆိုရပေမည်။ အိမ်ထောင်သက် ငါးနှစ်အကြာတွင် သားသမီးနီးသော ဇနီးသည်ကြောင့် သားသမီးခုနစ်ဦးရရှိခဲ့ပြီး ဇနီးသည်တွင်လည်း ရင်သွေးတစ်ဦးကို ရင်တွင်လွယ်ထားရပေပြီ။ အချိန်တိုအတွင်း သားသမီး ဉာဏ်မျှများရခြင်းက ဇနီးသည်မှာ ပထမနှင့်ဒုတိယအကြိမ်တွင် ယောကျာ်းလေးအမြွှာနှစ်ကြိမ်ဆက်တိုက် မွေးဖွားခဲ့သောကြောင့် ဖြစ်သည်။ ထို့နောက် သမီးသုံးဦးဆက်တိုက်မွေးဖွားခဲ့ပြန်သဖြင့် သားသမီးခုနစ်ဦးရှိရခြင်းဖြစ်သည်။

အိပ်မက်ဆိုး

ထိုသို့မိသားစု သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် နေထိုင်လာခဲ့ရာမှ ချားလ်၏ အိမ်ထောက်သက် ငါးနှစ်အကြာ ၁၉၈၁ခုနှစ်တွင် ဘဝတစ်လျှောက်လုံး ရိုးသားကြိုးစားစွာနေထိုင်လာသော ချားလ်အဖို့ ဂြိုဟ်ဆိုးဝင်ခဲ့ရတော့သည်။ တိတိကျကျဆိုရလျှင်မူ ၁၉၈၁ခုနှစ် နိုဝင်ဘာ၂၇ရက် ညသည်သူ၏ဘဝတစ်လျှောက်လုံးကို ခြေမွဖျက်ဆီးကာ ညတာရှည်အိပ်မက်ဆိုးများကို ရှည်လျားစွာမက်စေခဲ့သည်။ ထိုနေ့ညရနာရီခန့်တွင် ၎င်း၏စားသောက်ဆိုင်အနီးတွင်ရှိသော အဆောက်အအုံတစ်ခုမှ ၎င်း၏ တိုက်ခန်းသို့ပြန်ကာ ရေမိုးချိုး ကိုယ်လက်သန့်စင်ခဲ့မိလေသည်။ ထိုအချိန်တွင် မိသားစုတစ်စုလုံး ဆိုင်တွင်ရောက်နေသဖြင့် ၎င်း၏တိုက်ခန်းရှိ လျှပ်စစ်မီးများကိုမှိတ်ပြီး သော့ခတ်ကာ စတုတ္ထထပ်မှ ပြန်ဆင်းလာခဲ့လေသည်။

စတုတ္ထထပ်မှဆင်းလာသော ချားလ်သည် တတိယထပ်သို့ရောက်သောအခါ အမျိုးသမီးတစ်ဦး၏ ငိုယိုအော်ဟစ်ပြီး ပတ်ဝန်းကျင်သို့အကူအညီတောင်းသံနှင့်အတူ ၎င်းနှင့်ရုပ်ချင်းခွဲမရအောင် ချွတ်စွပ်တူပြီး ရွယ်တူခန့်ရှိသော အမျိုးသားတစ်ဦးသည် ရန်းရင်းဆန်ခတ်သံများကြားခဲ့ရသည့်အခန်းမှ တစ်ဟုန်ထိုးဆင်းပြေးသွားတော့သည်။ ရုတ်တရက်မို့ ချားလ် ကြက်သေသေပြီး မှင်တက်မိသွားခဲ့သည်။ သူသတိထားမိချိန်တွင် အမျိုးသမီး၏အသံကိုကြားရ၍ ကူညီရန်ရောက်လာသော လူအုပ်စုအလယ်တွင် သူရောက်ရှိနေပေပြီ။ ထိုအချိန်တွင် စောစောကအကူအညီတောင်းခံခဲ့သော အသက်၁၄နှစ်ခန့်ရှိ အမျိုးသမီးငယ်တစ်ဦးက ချားလ်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ သူ့အားအနိုင်အထက်ပြုသူမှာ ချားလ်ဖြစ်ကြောင်း အခိုင်အမာစွပ်စွဲတော့သည်။ ချားလ်အနေဖြင့် ရှင်းပြရန်ကြိုးစားခဲ့သော်လည်း သက်သေသက္ကာယမရှိသောကြောင့် ဘာမျှအရာမထင်တော့ချေ။ ချားလ်သည် ဒီအင်န်အေစစ်ချက်အရ တစ်လကျော်အကြာ ဒီဇင်ဘာ၂၉ရက်တွင် အရွယ်မရောက်သောအမျိုးသမီးငယ်တစ်ဦးကို အနိုင်အထက်ပြုမှုဖြင့် ထောင်ဒဏ်၉၉နှစ် ကျခံခဲ့ရတော့သည်။ ချားလ်အနေဖြင့် ထန်းသီးကြွေခိုက်ကျီးနင်းခိုက်သို့ဖြစ်ကာ ဘဝတစ်ခုလုံးယူကျုံးမရကြေကွဲဝမ်းနည်းခဲ့ရလေသည်။ သူ၏မိဘနှစ်ပါးမှာလည်း သားဖြစ်သူ၏ စိတ်ဖြင့်ပင် ချားလ်ထောင်ကျပြီး မကြာမီ ရေ့ဆင့်နောက်ဆင့် ဆိုသလို လူ့ဘဝကို ထာဝရကျောခိုင်းသွားကြတော့သည်။

မှားယွင်း

ဘဝတစ်ခုလုံး မှောင်အတိပြီးကာ မျှော်လင့်ချက် ရောင်ခြည်ကင်းမဲ့ခဲ့ပြီဖြစ်သော ချားလ်အဖို့ ထောင်ဒဏ်၂၆နှစ်ကျခံပြီးသည့် ၂၀၀၈ခုနှစ် ဇန်နဝါရီ၃ရက်တွင် သူ၏ဘဝကို ဒုတိယအကြိမ် အသစ်တစ်ဖန် မွေးဖွားခဲ့ရပြန်သည်။ အကြောင်းမှာ ဒါးလက်စ်စီရင်စု တရားသူကြီးက လွန်ခဲ့သော ၂၆နှစ်က သူ၏အမှုတွဲကို ပြန်စစ်ဆေးခဲ့ရာ ဒီအင်န်အေဆေးစစ်ချက် မှားယွင်းကြောင်း စိစစ်တွေ့ရှိကာ ထောင်မှအပြီးအပြတ်လွှတ်ခဲ့သောကြောင့်ဖြစ်သည်။ ချားလ်လွတ်မြောက်ချိန်တွင် အရွယ်ရောက်နေပြီဖြစ်သော ဇနီး၊သားလေးဦးနှင့်သမီးလေးဦးတို့က ပျော်ရွှင်နွေးထွေးစွာ ကြိုဆိုခဲ့လေသည်။

အမေရိကန်နိုင်ငံတွင် ၂၀၀၁ ခုနှစ်ကတည်းက ယနေ့အထိ မှားယွင်းစွာ တရားစီရင်ခဲ့မှုကြောင့် လွှတ်ပေးခဲ့ရသူ ၃၀အနက် ချားလ်သည် ၁၅ဦးမြောက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ မှားယွင်းစွာ တရားစီရင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သက်တမ်းထက်ဝက်ကျော်ကို ထောင်တွင်း၌ ပေးဆပ်ခဲ့ရသည်က ချားလ်အဖို့ ဝိပါက်ကြမ္မာ မလွတ်သာသော အိပ်မက်ဆိုးမက်ခဲ့ရခြင်းသာဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၅

ဘူတိုလုပ်ကြံခံရမှု စကော့တလန်ယာ့ဒ်အဖွဲ့ ကူညီစုံစမ်းမည်

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘေနာဇီယာဘူတိုလုပ်ကြံခံရမှုတွင် ကူညီစုံစမ်းထောက်လှမ်းပေးရန် ဗြိတိန်နိုင်ငံမှ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့တစ်ဖွဲ့ ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိလာသည်။

လုပ်ကြံမှုစုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အပြည့်အဝအားရကျေနပ်မှုမရှိကြောင်း စောစောပိုင်းကပင် ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က ပြောကြားသည်။ သို့သော်လုပ်ကြံမှုဖြစ်ပွားပြီးနောက် လျှို့ဝှက်ချက်များကို အစိုးရ သို့မဟုတ် ထောက်လှမ်းရေးအဖွဲ့များက ဖုံးကွယ်ရန်ကြိုးပမ်းမည်ဟု မယုံကြည်ကြောင်း မူရှာရက်ဖ်က ဆက်လက်ပြောကြားသည်။

ဂျော်ဂျီယာသမ္မတ ရွေးကောက်ပွဲ ပြည်သူများမဲဆန္ဒပေး

ဂျော်ဂျီယာပြည်သူများသည် သမ္မတရွေးကောက်ပွဲအတွက် မဲဆန္ဒများ စတင်ထည့်ကြသည်။ ယခုကဲ့သို့ မဲပေးခြင်းမှာ ဆိုဗီယက်သမ္မတနိုင်ငံဟောင်းအတွက် ဒီမိုကရေစီစမ်းသပ်ဖော်ဆောင်မှုဖြစ်သည်။

နိုဝင်ဘာလအတွင်းက အတိုက်အခံများကို ဖြိုခွဲပြီးနောက် ဂျော်ဂျီယာသမ္မတ မီခေးလ်ဆာကက်ဗီလီက ရုတ်တရက်ရွေးကောက်ပွဲ ကျင်းပပေးခဲ့ခြင်းဖြစ်သည်။

ရိက္ခာအကူအညီပေးကြရန် နိုင်ငံတကာသို့ အာဖဂန်ပန်ကြား

အာဖဂန်နစ္စတန်နိုင်ငံတွင် စားနပ်ရိက္ခာမလုံလောက်သည့်အတွက် ဂျုံများထပ်မံလှူဒါန်းကြပါရန် နိုင်ငံတကာအသိုက်အဝန်းသို့ အာဖဂန်နစ္စတန်အစိုးရက မေတ္တာရပ်ခံပန်ကြားလိုက်သည်။

ဂျုံနှင့် အခြားအခြေခံစားကုန်များ ပြတ်လပ်ကာ ဈေးနှုန်းများတက်နေခြင်းက ဆောင်းရာသီအတွင်း ဆိုးရွားသော နောက်ဆက်တွဲပြဿနာပေါ်ပေါက်နိုင်ကြောင်း အစိုးရကကြေညာသည်။

အီးယူကို ဆားဗီးယားဝန်ကြီးချုပ် သတိပေးပြီ

ဥရောပသမဂ္ဂ(အီးယူ)အနေဖြင့် ကိုဆိုဗိုလွတ်လပ်ရေးရရှိမှုကိုဖြစ်စေ သို့မဟုတ် ဆားဗီးယားအစိုးရနှင့်ရင်းနှီးစွာဆက်ဆံရေးကိုဖြစ်စေ တစ်ခုခုကိုရွေးချယ်ရလိမ့်မည်ဟု ဆားဗီးယားဝန်ကြီးချုပ် ကော့စတူနီဆာက သတိပေးလိုက်သည်။

လာမည့်လ အနည်းငယ်အတွင်း ကိုဆိုဗိုတွင် လွတ်လပ်ရေးကြေညာမည်ဟု မျှော်မှန်းထားသည်။ အီးယူ နိုင်ငံခြားရေးဝန်ကြီးများသည် ကိုဆိုဗိုသို့ ရဲနှင့် တရားရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရေးစဉ်းစားရန် ဇန်နဝါရီလကုန်၌ တွေ့ဆုံညှိနှိုင်းလိမ့်မည်ဖြစ်သည်။

အင်ဒိုသမ္မတဟောင်း ကျန်းမာရေးဆိုးရွားလာ

အင်ဒိုနီးရှားသမ္မတဟောင်းဆူဟာတို၏ကျန်းမာရေးမှာ အခြေအနေပိုမိုဆိုးရွားလာသည်ဟု ဆူဟာတိုအားကုသပေးနေသည့် ဆရာဝန်များက ဂျကာတာမြို့၌ ထုတ်ဖော်ပြောကြားသည်။

မစ္စတာဆူဟာတို(၈၆နှစ်)တွင် သွေးပေါင်ကျမှုနှင့် သွေးအားနည်းရောဂါလက္ခဏာများကြောင့် ဇန်နဝါရီ၄ရက်က ဆေးရုံတင်လိုက်ရသည်။ ထို့ပြင် အဆုတ်နှင့်ကျောက်ကပ်ရောဂါများလည်း အခြေအနေဆိုးရွားလာသည်ဟု ဆရာဝန်များက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၃၉၀၅ဦး အီရတ်၌သေဆုံးခဲ့ပြီ

အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုကြောင့် ဇန်နဝါရီ၅ရက်က အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့၌ ကြေညာသည်။

၂၀၀၃ခုနှစ်တွင် အီရတ်နိုင်ငံသို့ ကျူးကျော်ခဲ့ပြီးနောက်ပိုင်း ယနေ့အထိ အီရတ်နိုင်ငံ၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း၃၉၀၅ဦး ရှိသွားပြီဖြစ်သည်။

ထိုင်းနှစ်သစ်ကူးပွဲတော် ယာဉ်တိုက်မှုကြောင့် ၃၆၉ဦးသေဆုံး

ထိုင်းနိုင်ငံတစ်ဝန်း နှစ်သစ်ကူးပွဲတော် အားလပ်ရက်များအတွင်း ယာဉ်တိုက်မှုများကြောင့် လူပေါင်း ၃၆၉ဦး သေဆုံးပြီး ၄၅၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃ရက်၌ သတင်းထုတ်ပြန်ကြေညာသည်။

ဗန်ကောက်မြို့၌ အသေအပျောက်အများဆုံးဖြစ်ပြီး ခုန်ကိန်းနှင့်နက္ခန်းပသုန်ပြည်နယ်များသည်လည်း သေပျောက်မှုများသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ယာဉ်မတော်တဆဖြစ်ရသည့် အကြောင်းရင်းများတွင် မူးယစ်သောက်စား၍ ယာဉ်မောင်းခြင်းကြောင့်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

မော်တော်ကားများကို အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ သတိလက်လွတ်မောင်းနှင်ခြင်းနှင့် မော်တော်ဆိုင်ကယ်စီးသူများ ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ စီးနင်းခြင်းတို့ကြောင့်လည်း အသေအပျောက်များရသည်ဟု ဆိုသည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာ၃၀ရက်၌ သေပျောက်မှုအများဆုံးဖြစ်ပြီး တစ်ရက်တည်း ၈၅ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။ ၂၀၀၆ခုနှစ် နှစ်ကူးကာလတွင် ထိုင်းနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုပေါင်း ၅၀၀၀ကျော်ဖြစ်ပွားခဲ့ရာ လူပေါင်း၄၈၀သေဆုံးပြီး ၄၉၀၀ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

❑ ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ ဇန်နဝါရီ ၄ရက်က ဆီးနှင်းများထူထပ်စွာကျဆင်းပြီး အပူချိန် ရေခဲမှတ်အောက် ကျဆင်းခဲ့သဖြင့် သုံးဦးသေဆုံးခဲ့သည်။

❑ **ဗင်နီဇွဲလားနိုင်ငံ လို့စ်ရိုကွစ်မြို့ ကမ်းလွန်၌ ဇန်နဝါရီ၄ရက်က လူ၁၄ဦးတင်ဆောင်လာသော လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ အမြန်ရေယာဉ်များနှင့် ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်နိုင်ခဲ့မှုကြောင့် သေဆုံးမှုမရှိကြောင်းသိရသည်။**

❑ အာဂျင်တီးနားနိုင်ငံရှိ ၆၉၆၉မီတာမြင့်သော အေကိုနာဂူရာတောင်ပေါ်သို့ ဇန်နဝါရီ၄ရက်က အသက်၁၁နှစ်အရွယ် ဂျော်ဒမ်ရိုမီရိုအမည်ရှိ ကလေးငယ်တစ်ဦးက အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

❑ **အင်ဒိုနီးရှားနိုင်ငံ ဘန်ကူလူပြည်နယ်၌ ဇန်နဝါရီ၄ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိသည့် အားပြင်းသော ငလျင်လှုပ်ခဲ့ရာ ဘန်ကူလူပြည်နယ် အရှေ့ပိုင်းဒေသများ၌ အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။**

❑ ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းကမ်းလွန်တွင် လွန်ခဲ့သောသုံးလခန့်က မုန်တိုင်းမိ၍ ပင်လယ်ပြင်၌ပျောက်ဆုံးခဲ့ပြီး အစာရေစာပြတ်လပ်နေသည့် လူ၁၁ဦးပါဝင်သော ငါးဖမ်းစက်လှေနှစ်စင်းကို ဇန်နဝါရီ၄ရက်၌ ကယ်ဆယ်ရေးအဖွဲ့က ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

❑ **တူရကီနိုင်ငံမြောက်ပိုင်း အက်စ်မာဆန်ပြည်နယ် ဟာ့ဗ်ဇာမြို့၌ ဇန်နဝါရီ၄ရက်က အထပ်ငါးထပ်ရှိလူနေအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံးခဲ့သည်။**

❑ ဇင်ဘာဘွေနိုင်ငံ မာရှိုနာလန်ပြည်နယ် အလယ်ပိုင်း၌ ဇန်နဝါရီ၄ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

ဂျာမန် အာကာသသုတေသနပညာရှင် တစ်ဦးက အာကာသ ဟင်းလင်းပြင်၌ တီဒဗလျူဟိုက်ဒရိဘီ အမည်ရှိ ကြယ်တာရာ အစုအဝေးသစ်တစ်ခုကို ဇန်နဝါရီ ၄ရက်တွင် အာကာသအဏုကြည့် မှန်ပြောင်းမှ တစ်ဆင့် ရှာဖွေတွေ့ရှိခဲ့သည်။ (ဝဲပုံ)

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့ တောမတောင်ပေါ်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ တောမရွာ ခမည်းတော် ဦးလွင်၊ မယ်တော် ဒေါ်သွဲ့တို့မှ ၁၂၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၆ခုနှစ်တွင် တောမတောင်ပေါ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၁ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်တွင် ရေလည်ကျောင်း ခဏ္ဍာသိမ်၌ ယင်းကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒကျောင်းကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် စဉ့်ကိုင်မြို့ တောမတောင်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇဝန (အဘိဓဇမဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တ နာရဒ (အဂ္ဂမဟာပဏ္ဍိတ)တို့ထံတွင် ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူ၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း

ဆရာတော်ကြီးသည် မန္တလေးမြို့ ပထမပြန်စာမေးပွဲ ကြီးကြပ်ရေး အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ စဉ့်ကိုင်မြို့ သာသနာရေးဆိုင်ရာတာဝန်များကို ဩဝါဒါစရိယ အဖြစ်လည်းကောင်း ဆောင်ရွက်၍ လက်ရှိကျောင်းတိုက်အတွင်း စေတီပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်များ ဆောက်လုပ်ပြုပြင် ဆောင်ရွက်လျက်ရှိပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၆၉ခုနှစ် နတ်တော်လပြည့် ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (သောကြာနေ့) နံနက် ၄ နာရီ မိနစ်၃၀တွင် သီတင်းသုံးတော်မူရာကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော် မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ အဂ္ဂဝံသ ပျံလွန်တော်မူ

ရန်ကုန် ဇန်နဝါရီ ၅

နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောမတောင်ပေါ် ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါရှိ ဘဒ္ဒန္တ အဂ္ဂဝံသသည် ယနေ့(သောကြာနေ့) နံနက် ၄နာရီခွဲတွင် ယင်းကျောင်း တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူ သွားကြောင်းသာသနာရေးဦးစီးဌာန မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုမြှင့်တင်ရေး ပညာပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)တို့ ပူးပေါင်းကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုမြှင့်တင်ရေးပညာပေး ဆွေးနွေးပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ရောဝတီတိုင်း ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ကျင်းပရာ ရောဝတီတိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက အဖွင့်အမှာ စကားပြောကြားသည်။

ရှင်းလင်း ဟောပြော

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမြင့်ဌေးက သိမှတ်စရာ ကြက်ငှက် တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်း က လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေ အဖွဲ့(ယူနီဆက်)ဆက်သွယ်ရေးအရာရှိ ဒေါ်အေးအေးသန်းက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရန် မိသားစုတိုင်း သိရှိလိုက်နာသင့်သော အချက်များကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်မြို့ အမှတ်(၄) အထပ်သားစက်ရုံသို့ရောက်ရှိပြီး စက်ရုံထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လျာထားမှု အပြည့်အဝ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရေး မှာကြားသည်။

သစ်မာအထပ်သား

အမှတ်(၄)အထပ်သားစက်ရုံသည် ပုသိမ်မြို့ ရွှေမြင်တင်ကျေးရွာအနီးတည်ရှိပြီး တစ်နှစ်လျှင် သစ်မာအထပ်သား အချပ်ရေ ၁၀၂၀၀၀၀ ထုတ်လုပ်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ပုသိမ်မြို့ ကြက်ငှက် တုပ်ကွေး ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ ပြည်သူလူထု မြှင့်တင်ရေး ပညာပေး ဆွေးနွေးပွဲတွင် အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

ဒီဇင်ဘာ ၂၈ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထွေထွေ ရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး ဆေးပဒေသာပင်အတွက် ရန်ကုန်မြို့ သမိုင်း အောင်ဓမ္မရိပ်သာလမ်း မြေအမှတ် ၂၆၆/၁၄ နေ ဒေါ်နွဲ့နွဲ့ဝင်းအား အမှူးထား၍ ခွဲစိတ်ပါရဂူ ဒေါက်တာဇော်ဝင်း–ဒေါက်တာသက်ဇင်ခိုင်၊ ဒေါက်တာအောင်ဌေး–ဒေါက်တာအေးအေးသန်း၊ ပါမောက္ခ ဒေါက်တာ ချစ်စိုး–ဒေါက်တာခင်မြလွင် မိသားစုက အလှူတော်ငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင် လက်ခံစဉ်။

(က–ပ)

မသန်စွမ်းသူများအားကစားပြိုင်ပွဲ ရန်ပုံငွေဘောလုံးပြိုင်ပွဲ ရက်ပြောင်းလဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပမည့် (၄)ကြိမ်မြောက် အာဆီယံ နိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရန်ပုံငွေ ဘောလုံး ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်အစား ဇန်နဝါရီ ၁၃ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ရက်ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အက်ဖ်အေဖလားပွဲ ဒိုလေးနှင့် ရွန်နေတို့ ဂိုးများဖြင့် မန်ယူနိုင်ပွဲရ

လန်ဒန် ဇန်နဝါရီ ၅

အက်ဖ်အေဖလား တတိယအဆင့် ရှုံးထွက်ဘောလုံးပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဗီလာနှင့်မန်ယူတို့ပွဲတွင် မန်ယူက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချယ်လ်ဆီးက ကွင်းစ်ပီအာရ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်စ်တွန်ဗီလာနှင့် မန်ယူ

အိမ်ကွင်း ပရိသတ်အားနှင့် အတင်းဝင်အတင်းထွက် ကစားခဲ့သော ဗီလာတို့ ပထမပိုင်းပွဲချိန် အတွင်း မန်ယူကို ခြေရည်တူ ကစားနိုင်ခဲ့သည်။ ဗီလာတိုက်စစ်မှူးများဖြစ်သည့် ဂျွန်ကာရူး၊ ယောင်နှင့်အဘွန်လဟော်တို့က ဖာဒီနန် ဦးဆောင်သည့် မန်ယူနောက်တန်းကို ဖြတ်ကျော် ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း ထိရောက်မှု မရှိခဲ့ချေ။

ပတ်ဂျီဆန်နှင့် ဆာဟာတို့ တိုက်စစ်အတွဲကို ဂစ်၊ စီရိုနယ်ဒို၊ အန်ဒါဆန်နှင့် မိုက်ကယ်ကာရစ်တို့က ဝိုင်းရံထိုးဖောက်ကစားခဲ့ရာ ဆာဟာနှင့် ဂစ်တို့၏ ခေါင်းတိုက်မှုများ လွဲချော်ခဲ့သဖြင့် မန်ယူတို့ နစ်နာခဲ့ရသည်။ ထို့အတူ စီရိုနယ်ဒို ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ဂစ်အပိုင် မပိတ်နိုင်သဖြင့် မန်ယူတို့အခွင့်အရေး ကောင်းတစ်ခု ဆုံးရှုံးခဲ့ရသည်။

ပွဲချိန် ၆၉ မိနစ်၌ ပတ်ဂျီဆန်အစား ရွန်နေ၊ ဆာဟာအစား ဟားဂရေ့ဗ်တို့ အစားထိုး ကစားစေခဲ့ရာ မန်ယူကစားကွက် ပြန်တည်မိလာပြီး မနားတမ်း ထိုးဖောက်ကစားနိုင်ခဲ့သည်။ မန်ယူတိုက်စစ်မှူးများ ဂိုးရရှိရေး တိုက်စစ်မြှင့်ခဲ့ရာ ၇၉ မိနစ်၌ စီရိုနယ်ဒို ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ရွန်နေ အပိုင်ကန်သွင်း လိုက်သော်လည်း ဂိုးဘားပေါ် ကပ်ကျော်သွားခဲ့သည်။

မန်ယူတို့ ဆက်တိုက်ဖိကစား ကစားခဲ့ရာ ပွဲချိန် ၈၂ မိနစ်၌ ဘယ်ခြမ်းမှ ရိုင်ယန်ဂစ် ဘောလုံးဆွဲယူလာပြီး ဂိုးရှေ့သို့ ဖြတ်ပေးလိုက်သည့် ဘောလုံးကို စီရိုနယ်ဒို ဘယ်ခြေဖြင့် ပိတ်သွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ အဖွင့်ဂိုး ရရှိခဲ့သည်။

မန်ယူတို့ အဖွင့်ဂိုးရရှိပြီး ကစားအားတက်လာကာ ဗီလာဘက်သို့ မနားတမ်း ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၈၈ မိနစ်၌ စီရိုနယ်ဒို ညာခြမ်းမှ ဘောလုံးဆွဲယူလာပြီး ဘယ်ခြေဖြင့် ကန်သွင်းလိုက်သည့်ဘောလုံး ဗီလာ နောက်ခံလူနှင့်ထိပြီး ပြန်ထွက်အလာ ရွန်နေက မနားတမ်း ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလား တတိယအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် အက်စ်တွန်ဗီလာနှင့် မန်ယူတို့ပွဲစဉ်၌ စီရိုနယ်ဒို ဤသို့ ထိုးဖောက်ကစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ဟော့ပိတ်ဘောလုံးသတင်း

ချယ်လ်ဆီးနှင့် ကွင်းစ်ပီအာရ်

စတမ်းဖို့ဒ်ဘရစ်၌ ချယ်လ်ဆီးတို့ ကံကောင်း၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆင်ကလဲယာ၊ ပီဇာရိုနှင့် ကာလူးတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာသော ချယ်လ်ဆီးသည် ကွင်းစ်ပီအာကို အသာစီးမှ ကစားနိုင်ခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။

ချယ်လ်ဆီး တိုက်စစ်မှူးများက ကွင်းစ်ပီအာရ် နောက်တန်းကို ၁၅ ကြိမ် ကျော်ဖြတ်ကာ အပိုင် ကန်သွင်းခွင့်ငါးကြိမ် ရရှိခဲ့သော်လည်း ဂိုးမသွင်း နိုင်ဖြစ်ခဲ့ရသည်။ ချယ်လ်ဆီးအတွက် ဂိုးကို ပွဲချိန် ၂၈ မိနစ်၌ ကွင်းစ်ပီအာရ် ဂိုးသမားအမှားကြောင့် လက်ဆောင် ဂိုးရရှိခဲ့ပြီး ချယ်လ်ဆီးတို့ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ။

အခြားပွဲရလဒ်များ

ဘော်လ်တန်	၀ – ၁	ရှက်ဖ်ဖီး
ဘလက်ဘန်း	၁ – ၄	ကိုဗင်ထရီ
အစ်ဆွစ်	၀ – ၁	ပို့စ်မောက်
ဆန်းဒါးလန်း	၀ – ၃	ဝီဂန်
စပါး	၂ – ၂	ရက်ဒင်း
ဝေါ့ဖိုဒ်	၂ – ၀	ခရစ္စတယ်ပဲလေ့
ဆောက်သမ်ပတန်	၂ – ၀	လီဆက်စတာ
အဲဗာတန်	၀ – ၁	အိုဟမ်း ။

သတင်းမှတ်စု-မောင်ချစ်ကြည်

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၅

ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး ၉၀၀၀အဖွဲ့၏ အကြိမ်(၃၀)မြောက် ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင် ကျင်းပသည်။ **(ယာပုံ)**

ဇန်နဝါရီ ၁ရက် နံနက်၃နာရီတွင် ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး ၉၀၀၀အဖွဲ့ နာယကဆရာတော် ဘဒ္ဒန္တနန္ဒိယ ကြီးမှူးသည့် သံဃာတော်များက ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား အနေကဇာတင်ခြင်း၊ ဆီမီး၊ ရေချမ်း၊ မေမြို့ပန်းအဖြူ ၉၀၀၀ စီနှင့် သစ်သီးပွဲ ၁၀၈ပွဲတို့ဖြင့် ကပ်လှူပူဇော်ခြင်း၊ နံနက် ၆ နာရီခွဲတွင် သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူခြင်းနှင့် နံနက် ၁၀နာရီခွဲတွင် နေ့ဆွမ်းကပ်လှူခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် မွန်းလွဲ၁နာရီတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် ၁၄၀၀၀၀၀၊ ရေသွယ်တန်းရန်အတွက် အလှူငွေကျပ်သုံးသိန်း၊ လျှပ်စစ်မီးပူဇော်ရန်အတွက် အလှူငွေကျပ်သုံးသိန်း၊ ဆီမီး ၉၀၀၀ဓမ္မာရုံကြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ်သုံးသိန်း၊ ရင်ပြင်တော် ကျောင်းပြုပြင်ရန်အတွက်အလှူငွေကျပ်နှစ်သိန်း၊ကျိုက်ထီးရိုးတောင်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ကျောင်းအတွက် သင်္ကန်းဒွိစုံ ၅၆ စုံ၊ ဆန်၊ဆီ၊ကုလားပဲ၊နဝကမ္မ အလှူငွေတို့အတွက် အလှူငွေများနှင့်အခြား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကရင်ဒုံးယိမ်းအဖွဲ့မှ ကပြဖျော်ဖြေခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ညနေ၆နာရီတွင် ဆီမီး၊ နံ့သာတိုင်၊ ရောင်စုံလျှပ်စစ်မီး ၉၀၀၀စီတို့ကို ထွန်းညှိပူဇော်ခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲ ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီးတွင် ရပ်ကွက်အလိုက် ပြေးခုန်ပစ်၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ချောတိုင်၊ ခေါင်းအုံးရိုက်၊ တာတိုအပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲစသည့် ကစားနည်းမျိုးစုံကို ကလေး၊ လူငယ်၊ လူကြီးများနှင့် မိသားစုများအပါအဝင် ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် သဃ်န်းကျွန်း မြို့နယ် (ဃ) ရပ်ကွက် ပြည်သူများ ချောတိုင်တက်ပြိုင်ပွဲကို ဤသို့ တပျော်တပါး ဆင်နွှဲခဲ့ကြသည်။

ထိုသို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ဆင်နွှဲရာတွင် ဗဟန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မြို့နယ်အသင်းနာယက ဖလား မာရသွန်ပြိုင်ပွဲကို နံနက် ၅နာရီက ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၅၈ ဦးပါဝင်ယှဉ်ပြိုင်ကြပြီးဆုရရှိသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များက ဆုများ ချီးမြှင့်ပေးကြသည်။

တာမွေမြို့နယ်

ထို့အတူ တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ကွက်သစ်ရပ်ကွက်ကလည်း ပျော်ပွဲရွှင်ပွဲနှင့် အားကစားနည်းမျိုးစုံ ၂၀ ကို ရပ်ကွက်ပြည်သူများ တပျော်တပါး ဆင်နွှဲခဲ့ကြပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ကြသည်။

သဃ်န်းကျွန်း

အလားတူ သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်ဘောလုံး ၊ ပိုက်ကျော်ခြင်း၊ ချောတိုင်၊ ခေါင်းအုံးရိုက်၊ တာတို၊ မုန့်စားနှင့်အပ်ထိုးပြိုင်ပွဲများ ကစားနည်းပေါင်း ၁၃ မျိုးကို ကလေး၊ လူငယ်နှင့် လူကြီးများ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကလေးငယ်များကလည်း တာတိုအပြေးပြိုင်ပွဲကို ဤသို့ ပါဝင်ဆင်နွှဲကြသည်။

မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ် အရှိန်အဟုန်ကောင်းနေဆဲ စွန့်လွှတ်စွန့်စား တပ်မတော်သားဘဝ ဖော်ကျူးသည့် ရန်နိုင်-၂၄ ရုံဝင်လာ

ရန်ကုန် ဇန်နဝါရီ ၅

ရုပ်ရှင် သတင်းထောက်

နေတိုး၊ ထွန်းထွန်း၊ ရဲလေး၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ မေသဉ္ဇာဦး၊ ယုမိစံနှင့် နေအောင်၊ မေတ္တာတို့ ပါဝင်ထားသော မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ် ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက် အရှိန်အဟုန်ကောင်းနေဆဲ ဖြစ်သည်။

ဇာတ်ဆောင်အင်အား ကောင်းကောင်း၊ ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်မာမာဖြင့် ရိုက်ကူးထားသဖြင့် သုံးပတ်မြောက်သည်အထိ အားပေးနေဆဲဖြစ်သည်။

ရန်နိုင်-၂၄ ဇာတ်ကား

ရန်နိုင် - ၂၄ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် The King Dom ဇာတ်ကား ပြသနေပြီး ရွှေ့ဆောင်ရုံတွင် Om Shanti Om အိန္ဒိယဇာတ်ကားသစ် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရှာရွတ်ခန် ခေါင်းဆောင်ပါဝင်ထားပြီး အချစ်၊ အလှ၊ အကနှင့် အက်ရှင်ပေါင်းစပ်ရိုက်ကူးထားသော အက်ရှင် ဒရမ်မာဇာတ်ကားဖြစ်သည်။အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား ဖြစ်သည်။ မန္တလေး မြို့မရုံတွင် Shoot em.up ဇာတ်ကား ဖျော်ဖြေ လျက်ရှိပြီး ဝင်းလိုက်ရုံတွင် ရန်ကုန်နှင့် အပြိုင် **မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ်** ဆက်လက်ပြသနေဆဲ ဖြစ်သည်။

မြို့မရုံတွင် ရုံဝင်လာသော Pardes ဇာတ်ကားမှာ အကယ်ဒမီ လေးဆုရဇာတ်ကားဖြစ်သည်။ အမေရိကန်ရောက် သန်းကြွယ်သူဌေးကြီး အမ္ဗရစ်ပူရီက သားအရင်းအပူးဗားနှင့် မွေးစားသားရာရွတ်ခန်တို့ကို အိန္ဒိယပြန်လွှတ်ပြီး သူငယ်ချင်း သမီးဖြစ်သူ မာဟီးမား ချော်ဒါရီနှင့် သားအရင်းလက်ဆက်ပွဲတွင် သုံးပွင့်ဆိုင် အချစ်ရေးပြဿနာကို မည်သို့အဖြေရှာပုံ ဇာတ်လမ်းဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ရွှေဂုန်ရုံ အပေါ်ထပ်တွင် King Kong Lives ဇာတ်ကား ပြသနေပြီး မြေညီထပ်၌ မင်းသား ရော်ဂျာမိုး ပါဝင်ထားသော ဂျိမ်းစ်ဘွန်းဇာတ်ကား The Spy Who Love Me ရုံဝင်လာသည်။ ဂျိမ်းစ်ဘွန်း ပရိသတ်အတွက် တစ်ကျော့ပြန်လည်တင်ဆက်ခြင်းဖြစ်သည်။

ဝါသွေး ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး မြို့လယ် ဆုထူးပန်ရုံတွင် ပြသနေသော Abke Baras အိန္ဒိယ ရုပ်ရှင်ဇာတ်ကားမှာ တော်လှန်ရေးအက်ရှင် ဇာတ်ကားဖြစ်သည်။လှပသောရှုခင်းများနှင့် မြူးကြွသော အလှ၊ အကများကို ပေါင်းစပ်ရိုက်ကူးထားသဖြင့် အိန္ဒိယ ရုပ်ရှင်ပရိသတ်အကြိုက် တွေ့စေမည့် ဇာတ်ကားဖြစ်သည်။

ဘုရင့်ရုံတွင် စိန်ခေါ်ခြင်းအမည်ရ Elaan အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မွေးစားဖခင်အား သတ်သွားသူ ဘာဘာအား နိုင်ငံခြားမှ အိန္ဒိယသို့ ဖမ်းဆီးခေါ်ဆောင်ကာ ဥပဒေအရ အရေးယူမည်ဟု စိန်ခေါ်သူကာရန်းနှင့် ဘာဘာစစ်ဆင်ရေးတွင် ရဲအရာရှိဟောင်း အာဂျန်၊ တီဗွီသတင်းထောက်မလေး ပရီယာတို့ ပါဝင်လာရာမှ စိတ်လှုပ်ရှားဖွယ် စွန့်စွန့်စားစား စိန်ခေါ်တိုက်ခိုက်ပုံများကို အခြေခံရိုက်ကူးထားသော အက်ရှင် ဇာတ်ကား ဖြစ်သည်။

ဆာကူရာ ဆက်လက်ပြသ

ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သီဟကျော်စိုး၏ ဆာကူရာအဆင့်မြင့် ဗီဒီယိုဇာတ်ကားမှာ ယခုသောကြာပတ်တွင် ရွှေဇဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီ၊ ဝဇီရာ(၂)ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ ဆာကူရာတွင် မြန်မာအမျိုးသားလေးနှစ်ဦးနှင့် ဂျပန်အမျိုးသမီးလေးတစ်ဦးတို့၏ အချစ်ဟာသဇာတ်လမ်းလေးကို ပရိသတ်အကြိုက်ဆန်းသစ် တီထွင်သော ရိုက်ချက်များဖြင့် ခြောက်နှစ်ကြာ အချိန်ယူ ကြိုးစားရိုက်ကူးထားပါသည်ဟု ဒါရိုက်တာ သီဟကျော်စိုးက ဆိုထားသည်။

ရန်နိုင်-၂၄

မိုးသစ်၏ဇာတ်လမ်းကိုဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဇော်ဆက်ရိုက်ကူးသည့် **ရန်နိုင်-၂၄** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ ရွှေမန်း၊ သီတာ၊ စံပြနှင့် ရွှေရတနာရုံများတွင် ရုံဝင်လာသည်။

ဇာတ်လမ်းမှာ ၁၉၈၅ ဝန်းကျင်ကာလကို အခြေခံထားသည်။ ပြည်တွင်း ငြိမ်းချမ်းရေးကို မတည်ဆောက်သေးမီကာလ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှေ့တန်းတစ်နေရာသို့ နိုင်ငံတော်လုံခြုံရေး တာဝန်များကို ထမ်းဆောင်ရန် ဗိုလ်အောင်နိုင် ရောက်ရှိလာခဲ့သည်။ တစ်နေ့တပ်ထဲသို့ မိုင်းနင်းမိသော လူနာများ ရောက်ရှိလာသဖြင့် ဗျူဟာမှူး၏ တာဝန်ပေးချက်အရ ဗိုလ်အောင်နိုင်က ပြည်နယ်ဆေးရုံသို့ လူနာများပို့ပေးရာ လက်ထောက်ဆရာဝန် သီရိနှင့် တွေ့ကြသည်။ သီရိနှင့် ဗိုလ်အောင်နိုင်မှာ တစ်ချိန်က သိပ်ချစ် ကြသူများဖြစ်လျက် ယခုတော့ သူစိမ်းပြင်ပြင်ဖြစ်နေကြသည်။

ဆက်လက်ရှုစား

သီရိ တစ်ယောက် နိုင်ငံတော်အတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသော စစ်သားဘဝကို နားမလည်လေရော့သလား သို့မဟုတ် နားလည်ပါလျက် တမင်စိမ်းရက်လေသလား ရှင်းပြမည် ကြံစည်နေသော ဗိုလ်အောင်နိုင်မှာ ရှေ့တန်းတစ်နေရာသို့ တာဝန်အရ ထွက်ခွာရလေသောအခါ ရှင်းပြနိုင် မပြနိုင် ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားကြပါရန် သတင်းစကား လက်ဆောင်ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ်ဇာတ်ကားမှ နေတိုး၊ အိန္ဒြာကျော်ဇင်နှင့် နေအောင်။

ဆာကူရာ ဇာတ်ကား

ဆာကူရာ ဇာတ်ကားမှ ဂျပန် နှင်းဖုံးတောင် ရှုခင်း တစ်နေရာ။

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ် ၂/၂၀၀၈

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်-

(ယမန်နေ့ကအဆက်)

စီမံထူးချွန်တံဆိပ်(တတိယဆင့်)

၁၅။ ဦးအေးကျော် ဒုတိယညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၆။ ဦးကိုကိုလွင် စက်ရုံမှူး၊ စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၁၇။ ဦးဇော်ဝင်းမောင် စက်ရုံမှူး၊ ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၁၈။ ဦးဇေယျ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၁၉။ ဦးအုန်းကျော် စက်ရုံမှူး၊ အုတ်စက်ရုံ၊ အမှတ်(၁) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၀။ ဦးစိုးနီ စက်ရုံမှူး၊ စက်ဘီးစက်ရုံ(ကျောက်ဆည်)၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၁။ ဒေါ်ညိုယဉ် လက်ထောက်စက်ရုံမှူး (စီမံရေး)၊ ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၂။ ဦးခင်စိုး စက်ရုံမှူး၊ အလုံအချိုရည်နှင့် ရေခဲစက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၃။ ဦးသန်းဦး စက်ရုံမှူး၊ အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၄။ ဦးညွန့်ဆွေ ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။

၂၅။ ဒေါ်ခင်မမဆွေ ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၂၆။ ဦးသောင်းတင် ညွှန်ကြားရေးမှူး(ရုံးချုပ်)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၂၇။ ဦးခင်မောင်သိန်း ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်းဦးစီး)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၂၈။ ဦးမောင်မောင်ခင် ညွှန်ကြားရေးမှူး(ရုံးချုပ်)၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၂၉။ ဒေါ်သန်းသန်းလင်း ညွှန်ကြားရေးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၃၀။ ဦးငွေချွန် ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၃၁။ ဒေါ်တင်တင်ထွေး ညွှန်ကြားရေးမှူး၊ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၃၂။ ဒေါ်မူမူ ညွှန်ကြားရေးမှူး(ငွေစာရင်းဌာန)၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၃၃။ ဦးမင်းမင်း ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၃၄။ ဒေါ်နော်မူတာကပေါ ဒုတိယညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၃၅။ ဦးရန်နိုင်ထွန်း ညွှန်ကြားရေးမှူး၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၃၆။ ဒေါ်ကြည်မာ ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် ညှိနှိုင်းကွပ်ကဲရေးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၃၇။ ဒေါ်အေးမြင့်ဦး လက်ထောက်အထွေထွေမန်နေဂျာ၊ သိုတင်နည်းပညာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၃၈။ ဦးတင်သက်မိုး စက်ရုံမှူး(ဖွဲနုဆီစက်)၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၃၉။ ဒေါ်စန်းရီ ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၄၀။ ဒေါ်ခင်ချိုထွန်း ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၄၁။ ဦးဝင်းတင့် အင်ဂျင်နီယာမှူး(မြို့ပြ)၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)၊ ရန်ကုန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၄၂။ ဒေါ်မြင့်မြင့်သိန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မြို့နယ်အင်ဂျင်နီယာရုံး၊ စစ်ကိုင်းမြို့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၄၃။ ဦးဇော်ဝင်းအောင် ဒုတိယအထွေထွေမန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန။

၄၄။ ဦးအောင်မြင့် သံမှူးကြီး၊ မြန်မာသံရုံး၊ ကိုင်ရိုမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန။

၄၅။ ဦးသက်ဘို ညွှန်ကြားရေးမှူး၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၄၆။ ဦးရဲမြင့်အောင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၄၇။ ဦးမျိုးတင့် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၄၈။ ဦးမြင့်လွင် သံမှူးကြီး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၄၉။ ဦးစိုးပိုင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ကိုလ်ကတ္တားမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၀။ ဦးမြင့်ဆွေ သံမှူးကြီး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၁။ ဦးဟန်သူ သံမှူးကြီး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၂။ ဦးတင့်ဆွေ သံမှူးကြီး၊ မြန်မာသံရုံး၊ ပေကျင်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၃။ ဦးစိန်ဦး သံမှူးကြီး၊ မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၄။ ဦးမြင့်ထွန်း သံမှူးကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၅။ ဦးခင်မောင်လင်း ညွှန်ကြားရေးမှူး၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၆။ ဦးမောင်ဝေ သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၇။ ဦးမြင့်စိုး(၁) သံမှူးကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၈။ ဒေါ်လှမျိုးနွယ် သံမှူးကြီး၊ မြန်မာသံရုံး၊ လန်ဒန်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၅၉။ ဦးစိုးလှိုင် သံမှူးကြီး၊ မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၀။ ဦးဝင်းသိမ်း သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၁။ ဦးညွန့်ဆွေ သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၂။ ဦးကျော်တင် ညွှန်ကြားရေးမှူး၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၃။ ဦးဟောက်ဒိုဆွမ်း ညွှန်ကြားရေးမှူး၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၄။ ဒေါ်မရန်ဂျာတောင် ညွှန်ကြားရေးမှူး၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၅။ ဒေါ်အေးအေးမူ ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၆။ ဒေါ်နွဲ့နွဲ့ရီ ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၇။ ဦးဝင်းမြင့် သံမှူးကြီး၊ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၈။ ဦးကျော်ဝင်း ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၆၉။ ဦးဇော်ဝင်း ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၇၀။ ဦးတင်နု ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၇၁။ ဦးဝင်းသိန်း မန်နေဂျာ၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၇၂။ ဦးကြည်ဝင်း မန်နေဂျာ၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၇၃။ လ ၅၇၁၁၆ ရဲမှူးကြီးမြင့်ဝေ စစ်ကိုင်းတိုင်း၊ ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၇၄။ လ ၁၆၄၅ ဒုတိယရဲမှူးကြီးမြင့်လွင် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၇၅။ လ ၅၉၀၀၅ ဒုတိယရဲမှူးကြီးစိုးမြင့် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၇၆။ ဦးတင်သိန်း (ပ/၄၄၅၇) ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၇၇။ ဦးတင်ထွဋ် (ပ/၄၄၅၄)၊ ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၇၈။ ဦးတင်မျိုးအောင်(ပ/၃၇၄၉) မြို့နယ်အုပ်ချုပ်ရေးမှူး၊ တန့်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၇၉။ ဦးငွေစန်း(ပ/၃၂၆၀)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လှိုင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၈၀။ ဦးဇော်စိုး(ပ/၃၅၆၈)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မှော်ဘီမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၈၁။ ဦးမောင်မောင်ခင် (ပ/၃၂၁၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်တန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၈၂။ ဦးလွှမ်းမိုးဟန် (ပ/၄၀၃၁)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖားကန့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန။

၈၃။ ဦးဇော်မင်းဟန် (ပ/၃၉၉၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုးညှင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန။

၈၄။ ဦးစိုးစိုးသက် (ပ/၄၁၂၉)၊ မြို့အုပ်ချုပ်ရေးမှူး၊ ဆင်ဘိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၈၅။ ဦးဝင်းမော် (ပ/၄၁၃၅)၊ မြို့အုပ်ချုပ်ရေးမှူး၊ လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၈၆။ ဦးခိုင်မင်းကို (ပ/၄၀၈၈)၊ မြို့အုပ်ချုပ်ရေးမှူး၊ ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၈၇။ ဦးငွေအောင် (ပ/၃၉၃၂)၊ မြို့အုပ်ချုပ်ရေးမှူး၊ ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၈၈။ ဦးအောင်မိုး (ပ/၄၁၈၉)၊ မြို့အုပ်ချုပ်ရေးမှူး၊ ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၈၉။ ဦးကျော်ထင် (ပ/၄၀၄၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျိုက်လတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၉၀။ ဦးဇော်မင်းနိုင် (ပ/၄၃၉၃)၊ မြို့နယ်ဒုတိယဦးစီးမှူး၊ အိမ်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၉၁။ ဦးမြင့်ခိုင် (ပ/၄၃၀၆) မြို့နယ်ဒုတိယဦးစီးမှူး၊ မော်လမြိုင်ကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၉၂။ ဦးခင်ဇော် (ပ/၃၄၃၆) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရေစကြိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉၃။ ဦးခင်မောင်ဦး (ပ/၃၅၆၁)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉၄။ ဦးသန်းအောင်(ပ/၃၇၈၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပေါက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉၅။ ဦးသန်းကို (ပ/၃၈၄၈) မြို့နယ်အုပ်ချုပ်ရေးမှူး၊ နတ်မောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉၆။ ဦးခင်မောင်မြင့် (ပ/၄၅၈၇) ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉၇။ စ/၀၁၈၉ ဦးတင်ထွန်း ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉၈။ စ/၀၁၉၃ ဦးတင့်လွင်ရွှေ ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉၉။ စ/၀၁၁၄ ဦးမောင်မောင်ကျော် ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၀၀။ စ/၀၉၆၇ ဦးနေဝင်း စုံစမ်းရေးမှူး၊ စစ်ကိုင်းတိုင်းရုံး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၀၁။ က/၂၂၂၂ ဦးဇော်အုန်း လက်ထောက်ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၀၂။ က/၃၄၀၁ ဦးမျိုးဦး ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၀၃။ က/၃၀၇၂ ဦးခင်ဇော် ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၀၄။ က/၂၉၅၀ ဦးကျော်စိုး ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၀၅။ ဦးတင်စိန် အင်ဂျင်နီယာမှူး(မြို့ပြ)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၀၆။ ဦးရဲဝင်း ညွှန်ကြားရေးမှူး (စက်မှု)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၀၇။ ဦးစိန်တိုး လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၀၈။ ဦးမောင်မောင်အေး လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၀၉။ ဦးကြည် လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၁၀။ ဦးလှိုင်မြင့် ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ အဆက်

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

၁၁၁။ ဒေါ်ကြည်ကြည်အေး ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၁၂။ ဦးသိန်းလွင် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၁၃။ ဒေါ်ကျင်နွဲ့ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၁၄။ ဦးဝင်းနိုင် ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၁၅။ ဦးလှမြင့် ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၁၆။ ဦးတင်ချို ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၁၇။ ဒေါ်တင်မိုးမြင့် ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၁၈။ ဒေါ်သန်းမြင့်ထက် ဒုတိယညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၁၉။ ဦးခင်မောင်ဌေး ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၂၀။ ဦးတင်ကိုကို အင်ဂျင်နီယာမှူး၊ မူဆယ်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၂၁။ ဦးကျော်ဇေယျာဝင်း အင်ဂျင်နီယာမှူး၊ ကျောက်မဲမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၂၂။ ဦးမျိုးအောင် လက်ထောက်ညွှန်ကြားရေးမှူး၊ ကန့်ဘလူမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၂၃။ ဦးဝင်းမောင်ဆွေ လက်ထောက်အင်ဂျင်နီယာ၊ ရေဦးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၂၄။ ဦးသိန်းလွင် ကျောင်းအုပ်ကြီး၊ ရှေးဟောင်းသုတေသန၊ နည်းပညာသင်တန်းကျောင်း(ပြည်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၁၂၅။ ဦးမျိုးညွှန့် ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၁၂၆။ ဦးစောမူးဒေလူး အင်ဂျင်နီယာချုပ်၊ ရုံးချုပ်အခြေစိုက်အော်တိုတယ်လီဖုန်းစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၂၇။ ဦးခင်မောင်ဦး ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၂၈။ ဦးဣန္ဒိလှ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးတိုင်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန။

၁၂၉။ ဦးနိုင်လင်း ဒုတိယညွှန်ကြားရေးမှူး (ဝန်ကြီးရုံးတွဲဖက်)၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၃၀။ ဒေါက်တာမြတ်ကျော် ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၁၃၁။ ဦးမောင်မောင်စိုး ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၁၃၂။ ဒေါ်စန်းစန်းမြင့် ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၁၃၃။ ဦးခင်မောင်ကြူး လက်ထောက်အမှုဆောင်အင်ဂျင်နီယာ(စက်မှု)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ တီတွတ်ရေနံအခြေစိုက်စခန်း၊ ပြည်မြို့နယ်၊ စွမ်းအင်ဝန်ကြီးဌာန။

၁၃၄။ ဦးဇော်ဝင်း လျှပ်စစ်အင်ဂျင်နီယာချုပ်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၃၅။ ဦးခင်မောင်မြင့် အင်ဂျင်နီယာချုပ်(ဆောက်လုပ်ရေး)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၃၆။ ဒေါ်မာလာကျော် ညွှန်ကြားရေးမှူး(ငွေစာရင်း)၊ ငွေစာရင်းဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၃၇။ ဦးခင်မောင်လတ် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊အမှတ်(၂)တည်ဆောက်ရေး၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၃၈။ ဒေါက်တာခင်မောင်ကျော် ဆေးမှူးချုပ်၊ ဆေးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၃၉။ ဦးကျော်တင် ညွှန်ကြားရေးမှူး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၄၀။ ဒေါ်ယဉ်ယဉ်မြတ် ကျောင်းအုပ်ကြီး၊ မော်လမြိုင်ပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန။

၁၄၁။ ဦးသုခ ညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၄၂။ ဒေါ်ခင်မျိုးမြင့်ကြူ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၄၃။ ဦးခင်မောင်လူ ဒုတိယညွှန်ကြားရေးမှူး မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၄၄။ ဒေါက်တာခင်နိုင်ဦး ပါမောက္ခ(ဌာနမှူး)၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၁၄၅။ ဒေါ်ခင်စန်းမြင့် ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၄၆။ ဦးဝင်းမြင့် ညွှန်ကြားရေးမှူး(သုတေသန/ ဖွံ့ဖြိုးရေး)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၄၇။ ဦးသန်းတင် ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

၁၄၈။ ဦးဝင်းအောင် လက်ထောက်ဌာနမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၁၄၉။ ဦးဝင်းအောင် ဌာနခွဲမှူး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၁၅၀။ ဦးလှထွန်း ဌာနခွဲမှူး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၁၅၁။ ဦးတင်မြင့် ဒုတိယစီမံကိန်းတာဝန်ခံ၊ ဂျိတ်လင်းန်ကုမ္ပဏီ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၁၅၂။ ဦးကိုကိုလေး အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မန္တလေးခရိုင်ပြည်ခိုင်ဖြိုး၊ ဆီစက်နှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ပြေးဆွဲရေး လုပ်ငန်း၊ မန္တလေးတိုင်း။

၁၅၃။ ဦးအိုက်ကျုံး 'ဝ'အထူးဒေသ(၂)၊ ဆောက်လုပ်ရေးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးမြသိန်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၂။ ဦးလှသန်း ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဒါရိုက်တာ၊ အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် မြိတ်မြို့၊ တနင်္သာရီတိုင်း။

၃။ ဦးရွှေကူ စစ်မှုထမ်း(အငြိမ်းစား)၊ အမှတ်၂၃၆၇၊ ရတနာမဥ္ဇူလမ်း၊ ၁၄၀ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။

၄။ ဦးချစ်ခင် မြန်မာ့မီးရထား(အငြိမ်းစား)၊ အမှတ်၆၁၁(က)၊ ဦးအောင်မြတ်ပန်းခြံ(၂)လမ်း၊ အမှတ်(ဂ)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ဦးယုတင်(ခ)ဦးယုခင် ကုန်သည်၊ အမှတ်၅၆(ဘီ)၊ သန့်ဇင်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ဦးစိုး ဈေးရောင်း၊ ၂၂၄/က၊ အောင်သိဒ္ဓိ၃လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

၇။ ဒေါ်မြင့်မြင့်အေး အလယ်တန်းပြ၊ ၂၇၂/၆၊ ကျောင်းလမ်း၊ (၂၅) ရပ်ကွက်၊ သုဝဏ္ဏ၊ ပညာရေးဝန်ကြီးဌာန။

၈။ ဦးသောင်းကြိုင် အငြိမ်းစား၊ အမှတ်၇၅၊ (ဃ)လမ်း၊ သုခရိပ်သာ၊ အမှတ်(၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၉။ ဦးမြလွင်(A.M.S)၊ ကုမ္ပဏီလုံခြုံရေးလမ်း၊ အပိုင်း(ဂ)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀။ ဦးပဏ္ဍိတ သာသနာ့ဝန်ထမ်း၊ မိုးကုတ်ရိပ်သာ(၁၄၈)၊ ၄ဝါလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ဒေါ်မော်မော်ဦး အလယ်တန်းပြ၊ ၁၃၉၊ သံသုမာလမ်း၊ စုပေါင်းရပ်ကွက်၊ သုဝဏ္ဏ၊ ပညာရေးဝန်ကြီးဌာန။

၁၂။ ဦးဝင်းနိုင် ဈေးသည်၊ အမှတ်၆၀၊ ရွာလယ်လမ်း၊ ပုဏ္ဏားကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ဦးတင်သောင်း ဒုတိယဦးစီးမှူး၊ လုံခြုံရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

၁၄။ ဒေါ်သန်းသန်းဆင့် အငြိမ်းစား(မှီခို)၊ အမှတ်(၁၉/ငါးလွှာ)၊ ကျောင်းလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၅။ ဦးကျော်ကျော် ယာဉ်မောင်း-၃၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၁၆။ ဦးသိန်းအောင် အလုပ်ကြပ်၊ ရထားစက်မှုသင်တန်းကျောင်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၇။ ဒေါ်နော်ထွေးထွေး စာရင်းကိုင်(၂)၊ ဘဏ္ဍာရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

၁၈။ ဦးမောင်မောင် ဒုတိယတပ်ရင်းမှူး၊ ကြက်ခြေနီတပ်ဖွဲ့၊ အမှတ်၇၆၊ အောင်ဇေယျလမ်း၊ (၄)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်း။

၁၉။ ဦးဝင်းသိန်း ပုံနှိပ်ကျွမ်းကျင်-၄(စာစီ)၊ စာစီခန်း(ဗဟိုပုံနှိပ်စက်ရုံ)၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၂၀။ ဦးစောလွန့်စိန် ကျွမ်းကျင်(၃)စက်မှု၊ အလုပ်ကြပ်၊ စက်ဆင်ဘိုဂီစက်ခေါင်းစက်ရုံ(အင်းစိန်)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၁။ ဦးတင်ကြိုင်(ကုန်သည်) တပ်ခွဲမှူး ရေး/ထောက်၊ ကြက်ခြေနီသူနာပြုတပ်ရင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဦးလှအေး ကြီးကြပ်ရေးမှူး၊ စီမံကိန်းဌာန၊ မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၃။ ဦးအောင်ဖြိုး လုပ်သား(၁)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၂၄။ ဦးစိုးဝင်း ပစ္စည်းထိန်းအဆင့်(၃)၊ မန်နေဂျာရုံး၊ အမှတ်(၁၄)သစ်စက်၊ ဒလမြို့၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၅။ ဒေါ်ခေမာရွှေ ထုတ်/ကျွမ်း-၄၊ ကုန်ထုတ်ဌာန၊ တပ်မတော်မိုးရေကာဖျင်စက်ရုံ၊ စစ်လက်နက်ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၆။ ဦးချစ်ညို ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ စက်ဘီးစက်ရုံ(ရန်ကုန်)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၇။ ဒေါ်ကြည်ကြည်အေး စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး။

၂၈။ ဦးရဲထွန်း ယာဉ်မောင်း၊ အမှတ်(၁၃၈၁)၊ မြို့မလမ်း၊ ၂၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။

၂၉။ ဦးမင်းအောင် အကြီးတန်းလက်နှိပ်စက်၊ စစ်တောင်းအမှတ်(၁)၊ စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၃၀။ ဦးကျော်မြင့် အလုပ်ရုံစုမှူး(ကုန်ထုတ်)၊ ကြွေရည်သုတ်ပစ္စည်းစက်ရုံ၊ အမှတ်(၁) မြန်မာ့ထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၃၁။ ဦးမျိုးမင်း လျှပ်စစ်လုပ်ငန်း၊ ၆၅(ခ)၊ စပါယ်(၂)လမ်း၊ ၅/၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၃၂။ ဦးအောင်ကြီး စက်ချုပ်၊ ၄၀၃/ဘီ၊ အောင်ဆုပန်လမ်း၊ ၁၉ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။

၃၃။ ဦးသက်လွင်ဦး ကြီးကြပ်ရေးမှူး၊ ဌာနခွဲ(၅)၊ မထသ၊ ရန်ကုန်တိုင်း။

၃၄။ ဦးမောင်မောင်ဦး ကုန်သွယ်ရေကြောင်း အလုပ်သင်အရာရှိ၊ ဒုတိယတပ်ရင်းမှူး၊ မြို့နယ်ကြက်ခြေနီအသင်းတပ်ရင်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၃၅။ ဦးတင်လှိုင် အရောင်း/အဝယ်၊ အမှတ်(၂/က)၊ စက်မှုလက်မှု(၂)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ဦးအောင်ဟိုအန်း လက္ခဏာဆရာ၊ အမှတ်၁၉/၂၀(၂-က)၊မရမ်းမြိုင်လမ်း (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဦးအောင်မြင့်စိုး(ခ) ဦးအောင်စိုးကြည် စာရေးဆရာ၊ ကံကြမ္မာဖတ်ကြားသူ၊ အမှတ် ၂၀၉၊ ဗဟို(ရှမ်း)လမ်း၊ လင်းလွန်(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဦးထွန်းကြိုင် ရုံးအကူမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးမြို့၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

၃၉။ လ ၈၀၀၇၅ ရဲဒု-တပ်ကြပ်နေဝင်း၊ ရထားတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၀။ ဒေါ်ငွေရီ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၁။ ဦးနန္ဒိယ သာသနာ့ဝန်ထမ်း၊ ကေသရာမကျောင်း၊ ဇ/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဦးရဲအောင် ရုံးအကူ၊ ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၃။ လေ ၁၈၆၂၁ တပ်ကြပ်ကြီးတင်အောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၄၄။ ဦးကေသဝ သာသနာ့ဝန်ထမ်း၊ တောင်ဘလူးကျောင်းတိုက်၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၅။ ဦးထွေးအောင် လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်း၊ အားကစားဝန်ကြီးဌာန။

၄၆။ ဒေါ်တင်ညွှန့် ဈေးရောင်း၊ အမှတ် ၁၈၊ ဦးလူကလေးလမ်း၊ စောရန်ပိုင်၊ အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၄၇။ ဒေါ်စန်းစန်းဝင်း ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၈။ ဦးမျိုးနိုင် ကုမ္ပဏီဝန်ထမ်း၊ တိုက် ၁၄၊ အခန်း ၃၁၊ ရန်အေးလမ်း၊ ၅ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၉။ ဦးကျင်ထွန်း ၄က်ဖျားကြီးကြပ်၊ မှော်ဘီမြို့နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၅၀။ ဦးစိုးဝင်း ဈေးရောင်း၊ အမှတ်(၁၀၀)၊ မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၅၁။ ဦးလှမြင့် ဈေးရောင်း၊ အမှတ်(၁၁)၊ ၁၅၉လမ်း၊ တာမွေကြီး (က-ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၅၂။ ဦးဌေးလွင် K Construction Group Co., Ltd. အမှတ် (၉/၁၁၇)၊ မာဃလမ်း၊ င/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅၃။ ဦးမြဝင်း လွှပြင်၊ အမှတ်(၆)သစ်စက်၊ ဗိုလ်တထောင်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၅၄။ ဦးထွန်းရီ လုပ်သား(၁)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၅၅။ ဦးစိုးဝင်း(ခ)ဦးတုတ် စိုက်ပျိုးရေးဂိုဒေါင်စောင့်၊ နန်းပန်(အင်းလေး)၊ ဈေးပိုင်းရပ်၊ နယ်လန်ကျေးရွာ၊ ညောင်ရွှေ။

၅၆။ ကိုယ်ပိုင်အမှတ်-၃၅၁၇၅၃ တပ်ကြပ်ဟန်မြင့် ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅၇။ ဦးစန်းလှိုင် ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ရန်ကုန် ပုလင်းသွင်းစက်ရုံခွဲ (လုံခြုံရေးဌာန)၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၈။ ဦးမောင်မောင်အေး ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင် စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၉။ ကိုယ်ပိုင်အမှတ် -၂၂၄၆၅ အုပ်ခွဲတပ်ကြပ်ကြီး/၁၁ သီဟ၊ အမှတ်(၃၆) စစ်ရေယာဉ်စု၊ တပ်မတော်(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆၀။ ကိုယ်ပိုင်အမှတ်-၁၉၆၁၈ အရာခံဗိုလ်/၇၁ ဝင်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊ တာဝန်ဌာနစု (တာဝန်-၂)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆၁။ ဦးနိုင်တင်ယု ယာဉ်မောင်း၊ အမှတ် (၁၅၂/က)၊ သီရိမြိုင် (၁၀)လမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၆၂။ ဦးလှအေး ဈေးရောင်း၊ အမှတ် ၅၂၇၊ မင်းလမ်း၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု နေပြည်တော် ရေပန်းဥယျာဉ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပြီးစီးသွားသော နေပြည်တော် ရေပန်းဥယျာဉ် (Water Fountain Garden) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်၇နာရီခွဲက အဆိုပါ ရေပန်းဥယျာဉ်ရှိ မင်္ဂလာမုခ်ဦးနေရာ၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ ✻

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် နေပြည်တော် ရေပန်းဥယျာဉ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်းနှင်းဖွေးဖွေး

ဟားခါး	–၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်

ဗဟိုစံပြငါးဈေးကြီးသို့ ငါးသလောက်အဝင်များ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်

ဈေးကွက်သတင်း၊မြင်ကွင်း–မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်)

နေ့စဉ် ငါးပိသာချိန် တစ်သိန်းခွဲ ဝင်ရောက်နေသော ဗဟိုစံပြငါးဈေးကြီးတွင် ငါးများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၅

လူတို့သည် နေ့စဉ်စားသုံးနေသော ဟင်းလျာများတွင် ငါးသည် စားသုံးမှု အများဆုံးဖြစ်သည်။ အခြားသော အသားများဖြစ်သည့် ဝက်သား၊ ကြက်သား၊ အမဲသားတို့ထက် ဈေးနှုန်းသက်သာသည်။

မိုးလေကင်းလွတ်ရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ငါးဖမ်းလုပ်ငန်းများ ကျယ်ပြန့်လာသည်။ ဈေးကွက်များသို့ ငါးများလှိုင်လှိုင်ဝင်လာ၍ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ကြသည်။

လက်ကားဈေးကြီး

ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးသည် ငါးအမျိုးမျိုးနှင့် ပုစွန်များ ဖြန့်ဖြူးရောင်းချပေးရာ လက်ကားဈေးကြီးပင်ဖြစ်သည်။ ငါးဈေးကြီး၌ ရောင်းဝယ်ဖောက်ကားနေခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ထံသို့ ဈေးကွက်သတင်းတင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်လေ့လာ မေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား